# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၄)၊ အမှတ် (၁၈၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

## ဆေးဝန်ထမ်းတပ်ဖွဲ့၏ မူလတာဝန်များအပြင် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုပေးနိုင်သည့် တပ်မတော်သားဆရာဝန်သမားကောင်းများအဖြစ် တာဝန်ထမ်းဆောင်

နေပြည်တော် ဒီဇင်ဘာ ၁၈

တပ်မတော်ဆေးတက္ကသိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အဆိုပါတပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ➲*

**ယနေ့ ဖတ် စ ရာ**

**အနာဂတ်သို့ ခြေလှမ်းများ**

ဆောင်းပါး စာ ၁၆

**ဗီဇာကြေးပေးသွင်းရာတွင် ထိုင်းသံရုံးရှိ ဗီဇာကောင်တာ၌ ငွေသားပေးသွင်းခြင်းကိုသာလက်ခံ၍ အွန်လိုင်းငွေလွှဲခြင်းများဖြစ်သော KBZpay သို့မဟုတ် ထိုင်းဘဏ်အကောင့်များဖြင့် ငွေလွှဲခိုင်းခြင်းမရှိ**

ပြည်တွင်းသတင်း စာ ၁၉



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အား ဗိုလ်လောင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း ကောင်းမြင့်မြတ်ထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း သော်ဇင်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း အောင်ကိုကိုထက်အား ဆုပေးအပ်ချီးမြှင့်စဉ်။

## ❖ တိုက်ပွဲဝင် စစ်သည်တိုင်း တိုက်စွမ်းရည်မြင့်မားရေးအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေး အထူးလိုအပ်သောကြောင့် သင်ယူတတ်မြောက်ထားသည့် ဆေးပညာရပ်များကိုအသုံးချပြီး နေရာဒေသမရွေး၊ အချိန်အခါမရွေး လုံလောက်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ ပေးသွားကြရမည်

○ *ရွှေဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ် ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

### ချီတက်အလေးပြု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်အား အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

### ဆုများပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၅)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း ကောင်းမြင့်မြတ်ထွန်း၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း သော်ဇင်ဦးနှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း အောင်ကိုကိုထက်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် တပ်မတော်ဆေးတက္ကသိုလ်ကို **“တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင်အရာရှိကောင်းများ မွေးထုတ်ပေးရန်”** ဟူသည့် ရည်ရွယ်ချက်ဖြင့် တပ်မတော်အရာရှိ ဆရာဝန်ဆေးမှူးများကို စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်သည့် တပ်မတော်သားဆေးသိပ္ပံပညာရှင်များသည် တပ်မတော်သားအရာရှိ၊ စစ်သည်မိသားစုဝင်များသာမက တိုင်းရင်းသားပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် ဆေးသိပ္ပံပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်း အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက်နေကြသည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

တပ်မတော်အရာရှိ ဆရာဝန်ဆေးမှူးများ၏ ကျွမ်းကျင်မှုနှင့် ကျန်းမာရေးစောင့်ရှောက်ပေးမှုများသည် မိမိတို့တပ်မတော်သားများ၏ ကျန်းမာကြံ့ခိုင်ရေးအတွက် အလွန်အရေးကြီးသည့် တာဝန်တစ်ရပ်ဖြစ်ပြီး တပ်မတော်အင်အားတောင့်တင်းခိုင်မာရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးစွမ်းပကား မြင့်မားစေရေးအတွက်လည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိကြောင်း၊ **တိုက်ပွဲဝင် စစ်သည်တိုင်း တိုက်စွမ်းရည်မြင့်မားရေးအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေး အထူးလိုအပ်သောကြောင့် သင်ယူတတ်မြောက်ထားသည့် ဆေးပညာရပ်များကို အသုံးချပြီး နေရာဒေသမရွေး၊ အချိန်အခါမရွေး လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးသွားကြရမည်ဖြစ်ကြောင်း။**

### တစ်နေ့တခြားတိုးတက်ပြောင်းလဲနေ

ယနေ့ခေတ်သည် သိပ္ပံနှင့်နည်းပညာခေတ်ဖြစ်သည်နှင့်အညီ ဆေးသိပ္ပံပညာရပ်နယ်ပယ်သည်လည်း တစ်နေ့တခြား တိုးတက်ပြောင်းလဲနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ဆန်းသစ်ပြောင်းလဲလာသည့် ကုထုံးနှင့် ဆေးဝါးကိရိယာအသစ်များ ပေါ်ပေါက်လာသကဲ့သို့ ထူးခြားဆန်းပြားသည့် ရောဂါဘယများကလည်း ဆေးပညာနယ်ပယ်ကို စိန်ခေါ်လျက်ရှိနေကြကြောင်း၊ ယင်းတို့ကို ရင်ဆိုင်ကျော်လွှားနိုင်ရေး ဆေးသိပ္ပံဆိုင်ရာပညာရပ်များနှင့် ပတ်သက်၍ သုတေသနပြုခြင်းအပါအဝင် တီထွင်ဆန်းသစ်မှုများကိုလည်း *စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

*စာမျက်နှာ ၃ မှ*

စဉ်ဆက်မပြတ် လေ့လာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လက်ရှိမိမိတို့နိုင်ငံတွင်လည်း အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီကို ဖွဲ့စည်းထားပြီး ဆန်းသစ်တီထွင်မှုဆိုင်ရာလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိနေကြောင်း၊ ကျန်းမာရေးကဏ္ဍဆိုင်ရာတွင် နည်းပညာအသစ်များနှင့် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှု၊ ကျန်းမာရေးနှင့် လူသားအရင်းအမြစ် ချိတ်ဆက်မှု၊ ဆေးပညာဆိုင်ရာ တက္ကသိုလ်အဆင့် ချိတ်ဆက်မှုများမှတစ်ဆင့် ကုသမှုနည်းပညာများ ပေါင်းစည်းခြင်းနှင့် အဆင့်မြင့်ကုသနည်းဖော်ထုတ်ခြင်း အစရှိသည်တို့ကို နည်းပညာလွှဲပြောင်းမှုစင်တာများနှင့် အသိပညာဖြန့်ဝေရေးစင်တာများမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ပြောင်းလဲတိုးတက်လာသည့် နည်းပညာရပ်များ၊ ဆေးသိပ္ပံပညာရပ်များကို မျက်ခြည်မပြတ်စေဘဲ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ဆေးသိပ္ပံပညာရှင်များဖြစ်အောင် တပ်မတော်ဆေးတက္ကသိုလ်က သင်ကြားပေးလိုက်သည့် ဆေးပညာရပ်များမှတစ်ဆင့် အဆင့်မြင့်ဆေးပညာရပ်များကို ဆက်လက်ဆည်းပူးလေ့လာဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက်(၉)ရပ်အနက် လူမှုရေး ဦးတည်ချက်ဒုတိယအချက်ဖြစ်သည့် **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"** ဟူသည့် အချက်ကို အကောင်အထည်ဖော်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ဆေးဝန်ထမ်းတပ်ဖွဲ့ကလည်း ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို အလေးထားမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာ ဆေးတပ်ဖွဲ့များနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ပြည်တွင်း၌ ဆေးသိပ္ပံညီလာခံများ၊ ဆေးပညာနှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပေးပြီး နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များနှင့် စစ်ဘက်ကျန်းမာရေးစောင့်ရှောက်မှု အတွေ့အကြုံဖလှယ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ပြောင်းလဲတိုးတက်လာနေသည့် ဆေးပညာဘာသာရပ်များကို မျက်ခြည်မပြတ် လေ့လာနိုင်ရေးအတွက် သုတေသနလုပ်ငန်းများကိုလည်း နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် တာဝန်ကျရာ ဒေသအသီးသီးကို ရောက်ရှိသည့်အခါ၌ **ဆေးဝန်ထမ်းတပ်ဖွဲ့၏ မူလတာဝန်များအပြင် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေး လုပ်ငန်းစဉ်များကို အထောက်အကူပြုပေးနိုင်သည့် တပ်မတော်သားဆရာဝန်သမားကောင်းများအဖြစ် တာဝန်ထမ်းဆောင်သွားကြရန်** မှာကြားလိုကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုဖြစ်ရန်အတွက် ကျန်းမာကြံ့ခိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်သည်ဖြစ်သောကြောင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု (Public Health Care) သည် လွန်စွာအရေးကြီးကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးနှင့်ပတ်သက်ပြီး "လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ" **ဟူသည့်အတိုင်း မိမိတို့တပ်မတော်အနေဖြင့်လည်း ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပြည်သူများ၏ နေ့စဉ် လူမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။**

> ❖ **ပြည်သူလူထု၏ ကျန်းမာရေးနှင့်ပတ်သက်ပြီး "လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ" ဟူသည့်အတိုင်း မိမိတို့တပ်မတော်အနေဖြင့်လည်း ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပြည်သူများ၏ နေ့စဉ်လူမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရမည်ဖြစ်**

**အားတက်သရောအောင်မြင်စွာလုပ်ဆောင်**

ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအနေဖြင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးတွင် ပြည်သူလူထုကို ဆေးအကာအကွယ်ပေးရေးအပါအဝင် နိုင်ငံအနှံ့အပြား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနေခြင်းသည် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်ကို တာဝန်သိသိဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး ပြည်သူလူထု၏ အသက်ခန္ဓာများကို ကာကွယ်စောင့်ရှောက်ပေးနေခြင်းဖြစ်သောကြောင့် တစ်နည်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေခြင်းဖြစ်သည်ကို သိရှိနားလည်ထားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တာဝန်ကျရာနယ်မြေဒေသအသီးသီးသို့ ရောက်ရှိချိန်တွင် မိမိတို့တတ်ကျွမ်းထားသည့် ဆေးပညာများကို လက်တွေ့အသုံးချပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အားတက်သရော အောင်မြင်စွာလုပ်ဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ် တည်ဆောက်ရာတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးအကြီးဆုံးဖြစ်သကဲ့သို့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုသက်ရှည်ကျန်းမာရေးသည် အခြေခံအကျဆုံးဖြစ်ကြောင်း၊ ပြည်သူလူထုသက်ရှည်ကျန်းမာစေရေးအတွက် အရည်အချင်းပြည့်ဝသည့် ပါရဂူ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပြည့်စုံလုံလောက်စွာရှိရန် အလွန်အရေးကြီးကြောင်း။

**စစ်ဆင်ရေးတာဝန်များကိုပါထမ်းဆောင်**

မြန်မာ့လူမှုပတ်ဝန်းကျင်တွင် ဆရာဝန်များကို သမားဂုဏ်အရ တလေးတစားနေရာပေးလေ့ရှိသကဲ့သို့ တပ်မတော်သားဆရာဝန်အရာရှိများကိုလည်း ကိုယ်ကျိုးစွန့်အနစ်နာခံသည့် ယောကျ်ားကောင်းများအဖြစ် အသိအမှတ်ပြုနေကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အပင်ပန်းခံကြိုးစားအားထုတ်ပြီး ရရှိလာခဲ့သည့် တပ်မတော်သားအရာရှိ ဆရာဝန်ဆေးမှူး ဟူသည့်ဂုဏ်ပုဒ်ကို မထိခိုက်မပျက်စီးစေရေး အစစအရာရာ ကိုယ်တိုင်ထိန်းသိမ်းနေထိုင်သွားကြရန်လိုအပ်ကြောင်း၊ ထို့ပြင် တပ်မတော်သားဆရာဝန်များဖြစ်သည်နှင့်အညီ လိုအပ်လာပါက ခြေလျင်စစ်သည်များနှင့်အတူ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် စစ်ဆင်ရေးတာဝန်များကိုပါ ထမ်းဆောင်ကြရမည်ဖြစ်သဖြင့် အမိန့်နာခံမှုကောင်းပြီး စစ်ပညာများကို အသုံးချတတ်သည့် စစ်ခေါင်းဆောင်များဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း။

ဆေးကုသရေးတာဝန် ထမ်းဆောင်ချိန်တွင် ဆေးပညာရပ်များကို အသုံးချပြီး လူနာများအပေါ်တွင် **ကောင်းမြတ်သည့် စေတနာ၊ မွန်မြတ်သည့် စိတ်ထား၊ ပြည့်ဝသည့် အကြင်နာမေတ္တာတရား**များနှင့်

*စာမျက်နှာ ၅ သို့*




တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် မိဘများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

*စာမျက်နှာ ၄ မှ*

တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သကဲ့သို့ စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်ချိန်တွင်လည်း သင်ကြားပေးလိုက်သည့် စစ်ပညာရပ်များကို အသုံးချပြီး **"တပ်မတော်၏ အစဉ်အလာကို အသက်ပေးစောင့်ထိန်းလိုသည့်စိတ်ဓာတ်"** ဖြင့် တာဝန်ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ စိတ်ဓာတ်ကောင်းများမွေးမြူပြီး လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် တပ်မတော်သားဆရာဝန်၊ ခေါင်းဆောင်ငယ်များအဖြစ် နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားပြုရသည့် ဆေးဝန်ထမ်းတပ်ဖွဲ့၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းတာဝန်ယူဆောင်ရွက်နိုင်မည့် **"သမားဇာနည်အောင်စစ်သည်"** များဖြစ်အောင် အထူးကြိုးစားသွားကြရန် အလေးအနက်ထားမှာကြားလိုကြောင်း။

### အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်

တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင်အရာရှိကောင်းများအဖြစ် နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူလူထုအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ပြောင်းလဲတိုးတက်နေသည့် ဆေးသိပ္ပံပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးသုတေသနပြုပြီး ကျွမ်းကျင်သည့် ဆေးသိပ္ပံပညာရှင်များဖြစ်အောင် ကြိုးစားသွားကြရန်၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ ရည်မှန်းချက်ဖြစ်သော **"ကျန်းမာကြံ့ခိုင် တိုက်နိုင်ရန်"** ဟူသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများ ကျန်းမာကြံ့ခိုင်ပြီး ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး မိမိတို့တတ်ကျွမ်းသည့် ဆေးပညာဖြင့် စောင့်ရှောက်ကာကွယ်သွားကြရန်၊ **တပ်မတော်ဆေးတက္ကသိုလ်၏ ဂုဏ်၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ ဂုဏ်၊ တပ်မတော်၏ ဂုဏ်ကိုမြှင့်တင်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေသည့် "သမားဇာနည် အောင်စစ်သည်" များဖြစ်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန်** မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်ဆေးတက္ကသိုလ် ကျောင်းဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် မိဘများကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

### ဆက်လက်ကြိုးပမ်းအားထုတ်

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများရရှိကြသည့်အတွက် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ **သင်တန်းကာလတစ်လျှောက်လုံး မျှော်မှန်းချက်၊ ရည်မှန်းချက်ရှိစွာဖြင့် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် အစဉ်တစိုက်ကြိုးစားအားထုတ်ခဲ့ပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် နေထိုင်ခဲ့မှုအကျိုးရလဒ်ကို ခံစားရခြင်းပင်ဖြစ်ကြောင်း၊** အခြေခံပညာအထက်တန်းပညာကို မြင့်မားသောရမှတ်များဖြင့် အောင်မြင်ခဲ့သည့် အခြေခံကောင်းများကို ယခုတက္ကသိုလ်ပညာရပ်များဆည်းပူးရာတွင်လည်း ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး ကြိုးစားခဲ့သောကြောင့် ထူးချွန်စွာအောင်မြင်ခဲ့ပြီးဖြစ်သဖြင့် ရှေ့ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း မိမိတို့၏ ရည်မှန်းချက်များ မပျောက်ပျက်၊ မယိမ်းယိုင်စေရေးအတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ **ကြိုးစားအားထုတ်မှုရှိမှသာလျှင် ဘဝရပ်တည်မှုများ မြင့်မားမည်ဖြစ်သဖြင့် မိမိတို့၏ရည်မှန်းချက်ပန်းတိုင် မပျောက်စေရေးအတွက် စဉ်ဆက်မပြတ်ဆက်လက်ကြိုးပမ်းအားထုတ်သွားရန်နှင့် မိမိကိုယ်ကို စောင့်ထိန်းနေထိုင်သွားကြရန်လိုကြောင်း၊** ပြောင်းလဲတိုးတက်နေသည့် ခေတ်နှင့်အမီလိုက်နိုင်ရေးအတွက် စာပေဖတ်ရှုလေ့လာခြင်း၊ လက်တွေ့အသုံးချခြင်း၊ မျှဝေခြင်းများကို ဆောင်ရွက်သွားရန်လည်းလိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ရာဒေသများအလိုက်တွင် ပြည်သူလူထုကို ဆေးပညာဖြင့်သာ အကျိုးပြုရုံမကဘဲ မိမိတို့သိရှိထားသည့် စာပေဗဟုသုတများဖြင့် နည်းကောင်းလမ်းပြပေးခြင်းဖြင့်လည်း အကျိုးပြုသွားကြရန်လိုကြောင်း။

**ငယ်စဉ်ကလေးဘဝမှ တက္ကသိုလ်ရောက်သည်အထိ ကျွေးမွေးစောင့်ရှောက်သွန်သင်ပေးခဲ့သည့် ကြီးမားလှသည့် မိဘဆရာတို့၏ဂုဏ်ကျေးဇူးကို သိတတ်နားလည် ကျေးဇူးဆပ်ရမည်ဖြစ်သကဲ့သို့ အသိပညာများနှင့် အတတ်ပညာများကို သင်ကြားပေးလိုက်သည့် တပ်မတော်ဆေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ တပ်မတော်နှင့် နိုင်ငံတော်၏ ဂုဏ်ကျေးဇူးကိုလည်း စစ်သားကောင်းတစ်ဦး၊ ဆရာဝန်ကောင်းတစ်ဦး ပီသစွာနေထိုင်ကျင့်ကြံခြင်း၊ မိမိကိုယ်ကို တန်ဖိုးထား၍ ဆက်လက်တိုးတက်အောင်နေထိုင်ခြင်း၊ သစ္စာရှိရှိဖြင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ခြင်းတို့ဖြင့် ကျေးဇူးဆပ်ရမည်ဖြစ်**ကြောင်း၊ ရှေ့ဆက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်လုံး အောင်မြင်သူများဖြစ်စေရေး၊ ခေါင်းဆောင်ကောင်းများဖြစ်စေရေး၊ ကြီးမားသည့်တာဝန်များကို လက်ဆင့်ကမ်းတာဝန်ပေးအပ်နိုင်ရေး မိမိဘဝကိုမိမိ ကြိုးစားတည်ဆောက်သွားကြရန်လိုကြောင်း မှာကြားသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေငွေ့များနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသောလေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းမှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ဒီဇင်ဘာ ၂၀ ရက်မှ ၂၃ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေ တင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော် ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော် ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်း အရာရှိများ၊ ညစာစားပွဲ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေး တက္ကသိုလ်ဂုဏ်ပြု စစ်တီးဝိုင်း တပ်ဖွဲ့၏ ဂုဏ်ပြုတီးမှုတ်မှုအား ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်း အရာရှိများနှင့်အတူ ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေ တင်ဆက်မှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်မတော်ဆေးတက္ကသိုလ်၏ (၂၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တပ်မတော်ဆေးတက္ကသိုလ်၏ (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် စိုးညွှန့်၊ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ် ခင်အောင်ထွန်းနှင့် တပ်မတော်ဆေးတက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမသို့ ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီး မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်း တီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ မော်ကွန်းထိန်းကဘွဲ့ယူမည့်သူများကို ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။




ယင်းနောက် ပါမောက္ခချုပ်က ဆေးပညာဘွဲ့နှင့် သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ရရှိသူတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ ဆက်လက်၍ ပါမောက္ခချုပ်က ဘွဲ့ရသူများအားဘွဲ့များနှင့် လျော်ညီသောအဆောင်အယောင်အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကိုဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်းကြေညာကာ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းများရရှိသည့်ပညာရည်ထူးချွန်ဆုအဆင့်များ ဂုဏ်ထူးများသည် တပ်မတော်ဆေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့်သာ စစ်ဆေးခြင်းမဟုတ်ဘဲ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးတက္ကသိုလ်(မန္တလေး)၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ဆေးတက္ကသိုလ်(မကွေး)၊ ဆေးတက္ကသိုလ်(တောင်ကြီး) စသည့် တစ်နိုင်ငံလုံးရှိ ဆေးတက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် စာစစ်ပုဂ္ဂိုလ်များ၏ စစ်ဆေးချက်များနှင့်အညီ ချီးမြှင့်ခြင်းဖြစ်ပြီး၊ တပ်မတော်ဆေးတက္ကသိုလ်၏ သင်ရိုးညွှန်းတမ်းများကိုလည်း အခြားသောတက္ကသိုလ်များနှင့် ညှိနှိုင်းရေးဆွဲထားရှိ၍ ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းအရ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ အထူးအောင်သတ်မှတ်ခြင်းနှင့် ဂုဏ်ထူးပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ်၊ ၅၂ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

**ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဗိုလ်ချုပ်ကြီး တင်အောင်စန်း အား ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်ဝန်ကြီးချုပ်ရုံးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လှိုင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ်၊ ၅၃ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

**ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဗိုလ်ချုပ်ကြီး မောင်မောင်အေး အား ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လှိုင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ်၊ ၅၄ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

**စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် စက်မှုဖွံ့ဖြိုးရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဗိုလ်ချုပ်ကြီး မြထွန်းဦး — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) ဒေါက်တာ ချာလီသန်း — ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန

(ဂ) ဦးခင်မောင်ရီ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဃ) ဦးညဏ်ထွန်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(င) ဦးကိုကိုလွင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန

(စ) ဒေါက်တာ မျိုးသိန်းကျော် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(ဆ) ဦးမျိုးသန့် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဇ) ဗိုလ်ချုပ် တိုးရီ — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန

(ဈ) ဒေါ်သန်းသန်းလင်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) ဒေါက်တာ ဝါဝါမောင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဋ) ဦးမြင့်စိုး — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဌ) ဦးဝင်းရှိန် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊အလုပ်သမားဝန်ကြီးဌာန

(ဍ) ဦးမင်းမင်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဎ) ဗိုလ်ချုပ် ဇော်နိုင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(ဏ) ဦးအေးဝင်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(တ) ဦးရင်မောင်ညွန့် — အတွင်းရေးမှူး
ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန

၂။ စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သီးခြားထုတ်ပြန်ပေးသွားမည် ဖြစ်သည်။

အမိန့်အရ

အောင်လှိုင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ်၊ ၅၅ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

**လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဗိုလ်ချုပ်ကြီး တင်အောင်စန်း — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး
နိုင်ငံတော်ဝန်ကြီးချုပ်ရုံး

(ခ) ဦးညဏ်ထွန်း — ဒုတိယဥက္ကဋ္ဌ(၁)
ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

(ဂ) ဦးကိုကိုလွင် — ဒုတိယဥက္ကဋ္ဌ(၂)
ပြည်ထောင်စုဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန

(ဃ) ဒေါက်တာကံဇော် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(င) ဦးမင်းနောင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

စာမျက်နှာ ၈ သို့

# စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ်၊ ၅၆ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

**စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဗိုလ်ချုပ်ကြီးညိုစော — ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်
(ခ) ဦးမင်းနောင် — ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
(ဂ) ဒေါက်တာ ကံဇော် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
(ဃ) ဦးလှမိုး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
(င) ဦးခင်မောင်ရီ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
(စ) ဒေါက်တာ ချာလီသန်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန
(ဆ) ဦးထွန်းအုံ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
(ဇ) ဗိုလ်ချုပ် တိုးရီ — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန
(ဈ) ဦးမင်းထွဋ် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
(ည) ဦးအေးကျော် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(ဋ) ဦးသန့်စင် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန
(ဌ) ဦးဝင်းဖေ — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန
(ဍ) ဗိုလ်မှူးချုပ် တင်စိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဝန်ကြီးဌာန
(ဎ) ဦးအေးဝင်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
(ဏ) ဒေါက်တာ အောင်ကြီး — အတွင်းရေးမှူး
ဒုတိယဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
(တ) ဒေါက်တာ တင်ထွဋ် — တွဲဖက်အတွင်းရေးမှူး
ဒုတိယဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၂။ စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သီးခြား ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

---

*စာမျက်နှာ ၇ မှ*

(စ) ဦးလှမိုး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
(ဆ) ဦးခင်မောင်ရီ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
(ဇ) ဒေါက်တာ ချာလီသန်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန
(ဈ) ဦးထွန်းအုံ — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
(ည) ဒေါက်တာ မျိုးသိန်းကျော် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
(ဋ) ဗိုလ်ချုပ် ကိုလေး — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန
(ဌ) ဗိုလ်ချုပ် တိုးရီ — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန
(ဍ) ဦးမင်းထွဋ် — အဖွဲ့ဝင်
ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
(ဎ) ဗိုလ်ချုပ် ဇော်နိုင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဝန်ကြီးဌာန
(ဏ) ဦးလှဝင်းဌေး — အဖွဲ့ဝင်
အတွင်းရေးမှူး၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
(တ) ဦးအေးကျော် — အတွင်းရေးမှူး
ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
(ထ) ဦးသန့်စင် — တွဲဖက်အတွင်းရေးမှူး
ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန

၂။ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သီးခြားထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

---

## တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဆင်းဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၈** တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၅) ပြန်တမ်းဝင် အရာရှိခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင် ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော် ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် စိုးညွန့်နှင့် ကျောင်းဆင်း ဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီး ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်း ဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်သည်။

ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရာထူး ခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများ ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကို တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကို တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်နှင့်စနူကာပြိုင်ပွဲ Snooker 15 Red Single ပြိုင်ပွဲတွင် ပထမဆုရ ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့်စနူကာပြိုင်ပွဲ Snooker 15 Red Double ပြိုင်ပွဲတွင် ပထမဆုရ ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်းဂုဏ်ပြု ဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ပြည်နယ်နှင့်တိုင်းဒေသကြီး ကရာတေးပြိုင်ပွဲ အမျိုးသမီးအသင်းလိုက် ခတပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ပြည်နယ်နှင့်တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲ အမျိုးသမီး (၄၅) ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရ တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ပွဲစဉ်များ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာအားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ **ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ရိုးရာခြင်းလုံးပြိုင်ပွဲ** ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C)ရုံ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ဘိလိယက်နှင့်စနူကာပြိုင်ပွဲ** ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘိလိယက်ရုံ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည် က Billiards Single ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က Billiards Double ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က Snooker 15 Red Single ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း က Snooker 15 Red Double ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ကရာတေးပြိုင်ပွဲ**ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိကရာတေးရုံ၌ကျင်းပရာ မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင်က အမျိုးသမီး(၆၁ ကီလို) တစ်ဦးချင်း ကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အမျိုးသား(-၅၅ ကီလို) တစ်ဦးချင်း ကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား(-၇၅ ကီလို) တစ်ဦးချင်း ကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အစိုးရအဖွဲ့လူမှုရေးရာဝန်ကြီး ဦးသက်ထွန်းက အမျိုးသမီး (-၆၁ ကီလို) တစ်ဦးချင်း ကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ *စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိကြသည့် ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား (၇၅ ကီလို) တစ်ဦးချင်းကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့်မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆု ရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပူးတွဲတတိယဆုရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသမီး (-၅၅ ကီလို) တစ်ဦးချင်းကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်၊ ပူးတွဲတတိယဆုရရှိကြသည့် ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား(-၆၇ ကီလို) တစ်ဦးချင်း ကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်၊ ပူးတွဲတတိယဆုရရှိကြသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရခိုင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကယားပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိမ်းက အမျိုးသမီး (-၅၀ ကီလို) တစ်ဦးချင်းကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ အမျိုးသား(-၆၀ ကီလို)တစ်ဦးချင်း ကုမိတဲ့ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက အမျိုးသမီးတစ်ဦးချင်း ခတပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကယားပြည်နယ်၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ အမျိုးသားတစ်ဦးချင်း ခတပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အမျိုးသမီးအသင်းလိုက် ခတပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားအသင်းလိုက် ခတပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိကြသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ** ဆုချီးမြှင့်ပွဲအခမ်းအနားကို ရွှေကြာပင်အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ပြိုင်ပွဲကျင်းပရေးခုံသမာဓိအဖွဲ့ဝင် ဦးဘန်နီတင်အောင်၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြင့်စိုး၊ ဦးဇေယျာလင်း၊ ဗိုလ်မှူးကြီးရဲမိုး၊ နေပြည်တော်ကောင်စီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်တို့က နေရာအလိုက် အကောင်းဆုံးဆုရရှိကြသူများကို တစ်ဦးချင်းအကောင်းဆုံး ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးကြည်က တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မြို့တော်ဝန် ဦးကျော်ဆန်းက ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဝူရှူးပြိုင်ပွဲ** ဆုချီးမြှင့်ပွဲအခမ်းအနားကို ရွှေကြာပင်အားကစားကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က အမျိုးသမီး ထိုက်ချီချွမ် + ထိုက်ချီကျန့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ချင်းပြည်နယ် အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က အမျိုးသားထိုက်ချီချွမ် + ထိုက်ချီကျန့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က အမျိုးသမီး သောင်းစု + ကွန့်စု ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က အမျိုးသား သောင်းစု + ကွန့်စု ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား ကျန့်စု + ချန်းစုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အမျိုးသမီး (၄၅) ကီလိုတန်းအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိကြသည့် ရှမ်းပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသမီး (၅၆) ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့်ပူးတွဲတတိယဆုရရှိကြသည့် ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော်အထိမ်းအမှတ်အရုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားနည်းများအလိုက် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ဒီဇင်ဘာ ၁၉ ရက်တွင် သက်ဆိုင်ရာ အားကစားရုံများနှင့် အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲ Billards Double ပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ပထမဆုရ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

**၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်**
**ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲ**
**ရွှေ၊ ငွေ၊ ကြေး ဆုရရှိမှု (၆-၁၂-၂၀၂၄ မှ ၁၈-၁၂-၂၀၂၄)ရက်နေ့ထိ**

| စဉ် | ပြည်နယ်/တိုင်း | ရွှေ | ငွေ | ကြေး | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန် | ၆၇ | ၄၁ | ၃၅ | ၁၄၃ | |
| ၂ | ရှမ်း | ၂၇ | ၂၉ | ၄၀ | ၉၆ | |
| ၃ | မန္တလေး | ၂၃ | ၂၆ | ၃၅ | ၈၄ | |
| ၄ | စစ်ကိုင်း | ၂၁ | ၁၇ | ၂၂ | ၆၀ | |
| ၅ | ကချင် | ၁၆ | ၁၁ | ၂၀ | ၄၇ | |
| ၆ | တနင်္သာရီ | ၁၅ | ၆ | ၁၁ | ၃၂ | |
| ၇ | ဧရာဝတီ | ၁၄ | ၂၄ | ၂၈ | ၆၆ | |
| ၈ | မကွေး | ၁၃ | ၁၃ | ၁၉ | ၄၅ | |
| ၉ | ကရင် | ၇ | ၉ | ၂၈ | ၄၄ | |
| ၁၀ | ပဲခူး | ၆ | ၂၀ | ၂၆ | ၅၂ | |
| ၁၁ | ရခိုင် | ၅ | ၁၁ | ၁၄ | ၃၀ | |
| ၁၂ | မွန် | ၅ | ၉ | ၉ | ၂၃ | |
| ၁၃ | နေပြည်တော် | ၅ | ၅ | ၁၁ | ၂၁ | |
| ၁၄ | ချင်း | ၂ | | ၇ | ၉ | |
| ၁၅ | ကယား | ၁ | ၆ | ၅ | ၁၂ | |
| | စုစုပေါင်း | ၂၂၇ | ၂၂၇ | ၃၁၀ | ၇၆၄ | |

*○ကျောဖုံးမှ*

ပွဲအစပိုင်းတွင် မြန်မာခံစစ် အားနည်းချက်ကြောင့် လာအိုအသင်း ဂိုးရနိုင်သည့် အပိုင်အခွင့်အရေးသုံးကြိမ်ရသော်လည်း ဂိုးသမား ဇင်ညီညီအောင် ကာကွယ်နိုင်ခဲ့သည်။ မိနစ် ၂၀ နောက်ပိုင်းတွင် မြန်မာအသင်း ကစားပုံပြန်လည်တည်ငြိမ်လာပြီး လာအိုဘက်သို့ ပြန်လည်ဖိအားပေးနိုင်ခဲ့သည်။ ၃၂ မိနစ်တွင် လွင်မိုးအောင်က ခေါင်းတိုက်ပြီး မြန်မာအသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းအစတွင်လည်း မြန်မာအသင်းကသာ ဖိကစားနိုင်ပြီး ဂိုးသွင်းခွင့်များ ရသော်လည်း သီဟဇော်၊ ဝင်းနိုင်ထွန်းနှင့် လွင်မိုးအောင်တို့ အသုံးမချနိုင်ခဲ့ပေ။ ၇၅ မိနစ်နောက်ပိုင်းတွင် လာအိုအသင်း မထင်မှတ်ဘဲ ဂိုးများဆက်တိုက်ရခဲ့ပြီး ၇၇ မိနစ်တွင် ဆိုဖန်နီက ချေပဂိုးနှင့် ၈၁ မိနစ်တွင် ဝမ်ပါဆာသ်က ဦးဆောင်ဂိုး ပြန်သွင်းခဲ့သည်။ အနိုင်မှ အရှုံးပြန်ဖြစ်သွားသည့် မြန်မာအသင်းသည် ဂိုးပြန်ရရန် ဆက်တိုက်တိုက်စစ်ဆင်ကစားခဲ့ရာ ဝင်းနိုင်ထွန်းက ၈၇ မိနစ်တွင် ချေပဂိုးနှင့် ၉၀+၃ မိနစ်တွင် အနိုင်ဂိုးသွင်းယူခဲ့သည်။

မြန်မာအသင်းသည် သုံးပွဲကစား လေးမှတ်ရထားပြီး လာအိုအသင်းမှာမူ ပွဲကုန် လေးပွဲကစား နှစ်မှတ်ရရှိခဲ့သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဒီဇင်ဘာ ၂၁ ရက်တွင် ဗီယက်နမ်အသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**

# သမဝါယမစနစ်စတင်ခြင်းနှင့် ဦးစီးဌာနပေါ်ပေါက်လာခြင်း နှစ် (၁၂၀) ပြည့် နှစ်ပတ်လည်အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၈

**သမဝါယမစနစ်စတင်ခြင်းနှင့် ဦးစီးဌာနပေါ်ပေါက်လာခြင်း နှစ် (၁၂၀) ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၌ ကျင်းပသည်။**(ယာပုံ)



အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ အငြိမ်းစား ဂုဏ်ပြုခံပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ၁၉၀၄ ခုနှစ် ဒီဇင်ဘာမှ စတင်ပေါ်ပေါက်ခဲ့သည့် သမဝါယမဌာန/သမဝါယမ ညွှန်ကြားရေးဌာန/ သမဝါယမ ဦးစီးဌာနဟူသော အမည်နာမများဖြင့် ခေတ်အဆက်ဆက်အစိုးရ ဝန်ကြီးဌာနများ၏ အောက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ခံခဲ့ရပြီး သမဝါယမလုပ်ငန်းများ ရေရှည်တည်တံ့ ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။

သမဝါယမဦးစီးဌာနအနေဖြင့် လယ်ယာသားငါး ထုတ်ကုန်များကို စျေးကွက်သို့ ချိတ်ဆက်ပေးနိုင်ရေးနှင့် ပြည်သူများ၏ စားဝတ်နေရေး ပိုမိုပြည့်စုံ မြင့်မားလာစေအောင် ဖော်ဆောင်နိုင်ရေးအတွက် ဌာနအနေဖြင့် အသင်းအဆင့်ဆင့်တို့နှင့်အတူ ဟန်ချက်ညီညီ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့ကြသော ဂုဏ်ပြုခံ အငြိမ်းစားဝန်ကြီး၊ ဒုတိယဝန်ကြီးများကိုယ်စား ဒုတိယဝန်ကြီး ဦးသန်းထွန်း(ငြိမ်း)အား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နှစ် (၁၂၀) ပြည့် အခမ်းအနား ဂုဏ်ပြုအစီအစဉ် ဗီဒီယိုအား ပြသပြီး သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက လုပ်ငန်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ဦးစီးဌာနမှ ဂုဏ်ထူးဆောင်ဆုရရှိသူများ၊ ဆုရရှိသော ဝန်ထမ်းများနှင့် အသင်းများ၊ ထူးချွန်ကျောင်းသူအား ဆုချီးမြှင့်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# (၁၉) ကြိမ်မြောက် အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက်ကို အကောင်အထည်ဖော်ရေးနှင့် ဒေသတွင်း မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်၊ ဒေသတွင်း ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ အာဆီယံနိုင်ငံအချင်းချင်းသာမက မိတ်ဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး အရှိန်အဟုန်မြင့်မားလာစေရန် ရည်ရွယ်ကျင်းပသည့် (၁၉) ကြိမ်မြောက် အာဆီယံ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးသို့ မြန်မာနိုင်ငံမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။



အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Royal Orchid Sheraton Hotel ၌ ကျင်းပရာ အာဆီယံနိုင်ငံများမှ ပတ်ဝန်းကျင်ရေးရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ၊ အာဆီယံမိုးလေဝသစောင့်ကြည့်လေ့လာရေးဗဟိုဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ထိုင်းနိုင်ငံ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။**(အပေါ်ပုံ)** ထို့နောက် ပြည်ထောင်စုဝန်ကြီးက အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးများနှင့် ကိုယ်စားလှယ်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် အစည်းအဝေးအား ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက "မီးခိုးမြူငွေ့ကင်းစင်သော အာဆီယံ" အောင်မြင်ရေးအတွက် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ မူဝါဒ၊ မူဘောင်များကို အကောင်အထည်ဖော် ဆောင်ရွက်တိုးတက်မှုသည် အဖွဲ့ဝင်နိုင်ငံများ၏ ကြိုးပမ်းအားထုတ်မှုပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးလုပ်ငန်းများကို အခြားအာဆီယံနိုင်ငံများနှင့်အတူ အလေးအနက်ထား ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးတွင် အာဆီယံဒေသတွင်း Fire Hotspot နှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု အခြေအနေ၊ ခြောက်သွေ့ရာသီတွင် မီးခိုးမြူငွေ့ ဖြစ်ပေါ်နိုင်သည့် မိုးလေဝသ ခန့်မှန်းချက်နှင့် နိုင်ငံအလိုက် မီးခိုးမြူငွေ့ လျှော့ချရေး ဆောင်ရွက်နေမှုအခြေအနေများ၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်ရေး လမ်းပြမြေပုံ (၂၀၂၃-၂၀၃၀)၊ အာဆီယံသစ်ဆွေးမြေ စီမံအုပ်ချုပ်မှုမဟာဗျူဟာ (၂၀၂၃-၂၀၃၀) နှင့် မီးခိုးမြူငွေ့ကင်းစင်၍ ရေရှည်တည်တံ့သော မြေယာစီမံခန့်ခွဲရေးအတွက် အာဆီယံရင်းနှီးမြှုပ်နှံမှု မူဘောင်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေ၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ အာဆီယံညှိနှိုင်းရေး ဗဟိုဌာန တည်ထောင်ရေး ဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ယခုအစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ရန်၊ Fire Hotspot လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ ဒေသတွင်းမူဝါဒ၊ မူဘောင်များအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်အချက်တို့ကို အတည်ပြုခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ ညနေပိုင်းတွင် ကျင်းပသည့် ကြိုဆိုနှုတ်ဆက် ညစာစားပွဲ အခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောက်ဆည်၌ မော်လီကျူလာအဆင့် မျိုးရိုးဗီဇဆိုင်ရာ အခြေခံဓာတ်ခွဲနည်းပညာသင်တန်းဖွင့်

**ကျောက်ဆည် ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသန ဦးစီးဌာနမှ မော်လီကျူလာအဆင့် မျိုးရိုးဗီဇဆိုင်ရာ အခြေခံဓာတ်ခွဲနည်းပညာသင်တန်း (၅/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက်က အဆိုပါကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသန ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် (တာဝန်ခံ) ဒေါက်တာအေးအေးခိုင်က ဇီဝနည်းပညာကို အသုံးချပြီး သုတေသနလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ သင်တန်းမှ သင်ကြားပေးလိုက်သော နည်းပညာရပ်များကို လက်တွေ့တွင် အကျိုးရှိစွာ အသုံးချသွားရန်လိုကြောင်း၊ သင်တန်းမှူး ဒေါက်တာတင်မာလင်းက ဇီဝနည်းပညာ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ခြင်းနှင့် ဖြည့်ဆည်းပေးခြင်း ရည်မှန်းချက်များ ပြည့်မီအောင် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား သင်တန်းသူ ၁၆ ဦးဖြင့် ဒီဇင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ နည်းစနစ်အတွေ့ အကြုံများကို အသုံးချပြီး စာတွေ့လက်တွေ့ သင်ကြား ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဝေလင်းကျော်နှင့် တပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၁၆ ရက်က မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုနှင့် မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက် ရယူဆောင်ရွက်ထားခြင်း ရှိ မရှိအား စစ်ဆေးဆောင်ရွက်စဉ်။**

ကိုဇော်(ပြန်/ဆက်)





ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်နေမှုကို ပရိသတ်များ တစ်ခဲနက် ကြည့်ရှုအားပေးကြစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၈** ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစား ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင် ကစားကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ တတိယလုပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံ၌ ကျင်းပရာ **အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင်** ကာကွယ်ရေးဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်၊ **အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင်** အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များကို** ပေါင်းလောင်းအားကစားကွင်းနှင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)၌ ယှဉ်ပြိုင်ကစားကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးဂိုး-ဂိုးမရှိ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ရုံ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို ရှစ်ဂိုး-ခုနစ်ဂိုး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ တတိယလုပွဲစဉ်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ် နှင့် တိုင်းဒေသကြီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A) ရုံ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ် အသင်းကို နှစ်ပွဲပြတ်၊ စွမ်းအင်ဝန်ကြီးဌာနအသင်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အသင်းကို နှစ်ပွဲပြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ အားကစားနှင့် လူငယ်ရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်၊ အလုပ်သမား ဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်ကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)နှင့် ရွှေကြာပင် အားကစားကွင်းတို့၌လည်းကောင်း၊ **ပြည်နယ်နှင့် တိုင်းဒေသကြီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (C)ရုံ၌လည်းကောင်း၊ **ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်/စနူကာပြိုင်ပွဲ** ဘိလိယက်တစ်ဦးချင်း ဗိုလ်လုပွဲစဉ်၊ ဘိလိယက်နှစ်ယောက်တွဲ ဗိုလ်လုပွဲစဉ်၊ စနူကာ 15 – Red တစ်ဦးချင်း ဗိုလ်လုပွဲစဉ်၊ စနူကာ 15 – Red နှစ်ယောက်တွဲ ဗိုလ်လုပွဲစဉ်တို့ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘိလိယက်ရုံ၌လည်းကောင်း၊ **ပြည်နယ်နှင့် တိုင်းဒေသကြီး ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များဖြစ်သည့်** အမျိုးသမီး ၆၂ ကီလိုတန်းအောက် တစ်ဦးချင်း "ကုမိတဲ့" ပြိုင်ပွဲ၊ အမျိုးသား ၅၅ ကီလိုအောက် တစ်ဦးချင်း "ကုမိတဲ့" ပြိုင်ပွဲ၊ အမျိုးသား ၇၅ ကီလိုအောက် တစ်ဦးချင်း"ကုမိတဲ့"ပြိုင်ပွဲ၊ အမျိုးသမီး ၆၁ ကီလိုအောက် တစ်ဦးချင်း "ကုမိတဲ့"ပြိုင်ပွဲ၊ အမျိုးသား ၇၅ ကီလိုထက် တစ်ဦးချင်း "ကုမိတဲ့" ပြိုင်ပွဲ၊ အမျိုးသမီး ၅၅ ကီလိုအောက် တစ်ဦးချင်း "ကုမိတဲ့" ပြိုင်ပွဲ၊ အမျိုးသား ၆၇ ကီလိုအောက် တစ်ဦးချင်း "ကုမိတဲ့" ပြိုင်ပွဲ၊ အမျိုးသမီး ၅၀ ကီလိုအောက် တစ်ဦးချင်း ကုမိတဲ့ပြိုင်ပွဲ၊ အမျိုးသား ၆၀ ကီလိုအောက် "ကုမိတဲ့" ပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်း "ခတ" ပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်း "ခတ" ပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်း အသင်းလိုက် "ခတ" ပြိုင်ပွဲ၊ အမျိုးသမီးအသင်းလိုက် "ခတ" ပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း TC–1 ၌လည်းကောင်း ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲကို** ရွှေကြာပင် အားကစားရုံ၌ ကျင်းပရာ **အမျိုးသား ဆန်းဆို** ၄၈ ကီလို၊ ၅၂ ကီလို၊ ၅၆ ကီလို၊ ၆၀ ကီလို၊ ၆၅ ကီလို၊ ၇၀ ကီလိုတန်းပြိုင်ပွဲများနှင့် **အမျိုးသမီး ဆန်းဆို** ၄၈ ကီလို၊ ၅၂ ကီလို၊ ၆၀ ကီလိုပြိုင်ပွဲများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင် ကစားခဲ့ကြသည်။

ယနေ့ကျင်းပသည့်အားကစား ပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

**သတင်းစဉ်**



ပြည်နယ်နှင့် တိုင်းဒေသကြီး ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ရှမ်းပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်မှုမြင်ကွင်း





ပြည်နယ်နှင့် တိုင်းဒေသကြီး ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို ပရိသတ်များ တစ်ခဲနက် ကြည့်ရှုအားပေးကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး နန်းကွန့်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင် မမြတ်သင်းနွယ် ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ် နှင့် တိုင်းဒေသကြီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ကွန့်စုပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ပြည့်ဖြိုးလွင် ယှဉ်ပြိုင်စဉ်။





အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။





ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပရိသတ်များ တစ်ခဲနက် ကြည့်ရှုအားပေးကြစဉ်။

# ပြိုင်ပွဲတွေမှာ လူငယ်ကစားသမားတွေရဲ့ တိုးတက်မှုကို မြင်ရတဲ့အတွက် မြန်မာ့အားကစားလောက ပြန်လည်တိုးတက်လာဖို့ မျှော်မှန်းပါတယ်

ဦးတင့်ဝေ(လက်ထောက်ညွှန်ကြားရေးမှူး)



မစာဥ



ထက်ဝေယံထွန်း(ခ)အားဖူ



မောင်ဟိန်းထက်မင်း



ဦးတင်နု



ဦးတင့်ဝေ

နေပြည်တော် ဒီဇင်ဘာ ၁၈

**ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ဆက်လက်ကျင်းပလျက်ရှိရာ ပြိုင်ပွဲအသီးသီးမှ အားကစားသမားများ၊ ကြီးကြပ်သူများ၊ နည်းပြများနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်မှ အချို့အား ကောက်နုတ်ဖော်ပြလိုက်ရပါသည်။**

**မစာဥ(မန္တလေးတိုင်းဒေသကြီး)**
**ရွှေတံဆိပ်ဆုရ အသင်းခေါင်းဆောင်**
**(ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ)**

ကျွန်မတို့မန္တလေးတိုင်းဒေသကြီးက တတိယမြောက်ရွှေဆုကို သိမ်းပိုက်လိုက်နိုင်ပါပြီ။ ဒါက ကျွန်မတစ်ယောက်တည်းကောင်းလို့ရတဲ့ဆုမဟုတ်ပါဘူး။ ကျွန်မတို့တစ်ဖွဲ့လုံးရဲ့ ကြိုးစားမှုရလဒ်ဖြစ်ပါတယ်။ ကျွန်မက ခြင်းလုံးကို အသက် ၁၀ နှစ်မှာ စသင်ပါတယ်။ ၁၄ နှစ်မှာ ပြည်နယ်နဲ့တိုင်းဒေသကြီးပွဲတွေ ဝင်ကစားနိုင်ခဲ့ပြီ။ အခု အချိန်မှာတော့ ခြင်းလုံးက ကျွန်မဘဝလို့ ပြောရင်တောင်မမှားတော့ဘူး။ ခြင်းလုံးနဲ့က တစ်သားတည်းပါပဲ။ ခြင်းလုံးလောကရောက်ပြီး ပြည်နယ်၊ တိုင်းပွဲ ၂၀၀၇ ခုနှစ်မှာ အကောင်းဆုံးကစားသမားဆု ရရှိခဲ့ပါတယ်။ ၂၀၁၃ ဆီးဂိမ်းမှာ မြန်မာ့လက်ရွေးစင်ဖြစ်ပြီး ရွှေဆုနှစ်ခု ဆွတ်ခူးထားခဲ့တယ်။ ၂၀၂၂ ခုနှစ်မှာ ရိုးရာခြင်း အမျိုးသမီးခတ်သူနည်းပါးလာတဲ့အတွက် ကျွန်မတို့ကို ပြည်နယ်နဲ့တိုင်းဒေသကြီးပွဲ ပြန်ကစားခွင့်ရခဲ့ပြီး အဲဒီနှစ်ကစလို့ မန္တလေးအတွက် ရွှေဆုယူလာပေးခဲ့တာ သုံးကြိမ်မြောက်ခဲ့ပြီပေါ့။ နိုင်ငံတိုင်းမှာ ရိုးရာအားကစားရှိသလို ကျွန်မတို့နိုင်ငံမှာလည်း မြန်မာ့သိုင်းနဲ့ ခြင်းလုံးရှိပြီးသားကို ထိန်းသိမ်းပါ၊ စောင့်ရှောက်ပေးပါ။ အလှခတ်တဲ့သူတွေဆိုရင်လည်း ဖိုင်ဘာခြင်းလုံးကို ဆေးဖြူသုတ်ပြီး ရိုးရာခြင်းဆိုပြီး ခတ်နေကြတာ ကျွန်မကတော့ သိပ်မကြိုက်ဘူး။ ကျွန်မက တစ်ပင်တိုင် အလှပြခတ်လည်း ကြိမ်ခြင်း၊ ပြိုင်ပွဲခတ်လည်း ကြိမ်ခြင်း၊ ဆီးဂိမ်းမှာလည်း ကြိမ်ခြင်းကိုပဲ သုံးပါတယ်။ ဒါက ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ကိုယ်ပိုင်အားကစားကို ထိန်းသိမ်းခြင်းပါပဲ။

**ထက်ဝေယံထွန်း(ခ)အားဖူ**
**(ရွှေတံဆိပ်ဆုရ ရှမ်းပြည်နယ်ပြိုင်ပွဲဝင်)**
**စနူကာ 15 balls နှစ်ယောက်တွဲပြိုင်ပွဲ**

ကျွန်တော်တို့ 15 red double မှာ ဝင်ရောက်ယှဉ်ပြိုင်ပြီး ရွှေတံဆိပ်ဆုရယူနိုင်ခဲ့ပါတယ်။ ဒီနေ့ပြိုင်ပွဲမှာ ကျွန်တော်တစ်ယောက်တည်း ကောင်းလို့မဟုတ်ဘဲ ကျွန်တော့်အသင်းဖော်နဲ့ တိုင်တိုင်ပင်ပင် စည်းစည်းလုံးလုံးနဲ့ ယှဉ်ပြိုင်နိုင်ခဲ့တဲ့အတွက် အနိုင်ရရှိခဲ့တာပါ။ ပြိုင်ပွဲကတော့ ပထမဆုံးပြိုင်ဖူးတဲ့ပြိုင်ပွဲပါ။ စနူကာကစားသမားကောင်းဖြစ်ဖို့ ထိပ်ဆုံးက လေ့ကျင့်မှု ပြည့်ဝနေရမယ်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရမယ်၊ ပြိုင်ဘက်ကစားသမားတွေကကတော့ ကျွန်တော်တို့ထက် အများကြီးစီနီယာကျတဲ့ ကစားသမားကောင်းတွေပါ။ ကျွန်တော်တို့လည်း အားမလျှော့တဲ့ စိတ်ဓာတ်နဲ့ ကြိုးစားခဲ့လို့ အောင်မြင်မှုရခဲ့တာပါ။

**မောင်ဟိန်းထက်မင်း**
**(စစ်ကိုင်းတိုင်းဒေသကြီး)**
**ဝူရှူးထောက်လု (ကျန့်စု)ပြိုင်ပွဲ**

ကျွန်တော်က မန္တလေးအားကစားနဲ့ ကာယပညာသိပ္ပံကပါ။ ကျွန်တော်တို့လို ပြိုင်ပွဲမဝင်ဖူးသေးတဲ့ သူတွေအတွက် အခုလိုပြိုင်ပွဲတွေ ကျင်းပပေးလို့ ကျေးဇူးတင်ပါတယ်။ ဒီအားကစားနဲ့ပတ်သက်ပြီး မြို့နယ်အဆင့်တွေမှာတော့ ငွေရခဲ့ဖူးတယ်။ ထောက်လု(ကျန့်စု)က ဓားနဲ့ကစားရတာဆိုတော့ လေ့ကျင့်တဲ့အချိန်မှာလည်း နည်းနည်းပိုသတိထားရပါတယ်။ ဘဝမှာရွေးချယ်ခွင့်ရှိရင် ကျွန်တော်က ပညာတတ် အားကစားသမားကောင်း တစ်ဦး ဖြစ်ချင်ပါတယ်။

**ဦးတင်နု (နည်းပြချုပ်၊**
**မကွေးတိုင်းဒေသကြီး၊ အလေးမအဖွဲ့)**

ဆရာက ၁၉၆၄ ခုနှစ်မှာ အလေးမ ကစားခဲ့ပြီးတော့ ၁၉၇၄ ခုနှစ်မှာ အနားယူပြီးတော့ နည်းပြလုပ်ခဲ့တာပါ။ တိုင်းအဆင့်မှာ တံခွန်စိုက်ဆုယူပြီးတော့ ပေါင်မှာ အကြောထိခိုက်တာနဲ့ အနားယူလိုက်ရတာပါ။ အခု အသက် ၇၉ နှစ်၊ နည်းပြသက်တမ်းက နှစ် ၅၀ လောက်ရှိပြီ။ အခုကတော့ အလေးမအားကစားအဖွဲ့ရဲ့ နည်းပြချုပ်တာဝန်ယူထားပါတယ်။ ဒီနေ့ တပည့် သန်းမျိုးထွန်းက ရွှေတံဆိပ်ဆုရယူနိုင်ခဲ့တဲ့အတွက် ဝမ်းသာတာကတော့ ပြောမပြတတ်အောင်ပါပဲ။ ၁၉၉၂ အမျိုးသားအားကစားပွဲတော်ကတည်းက ခုထိ တောက်လျှောက် နည်းပြလုပ်ခဲ့တာ ၂၀၂၁ ကနေ ၂၀၂၃ ခုနှစ်အထိ ပြည်နယ်နဲ့ တိုင်းဒေသကြီးအဆင့် အလေးမ တံခွန်စိုက်ဆုဖလား သုံးနှစ်ဆက်တိုက်ယူပေးထားပါတယ်။ အခုလိုမျိုး ပြည်နယ်နဲ့ တိုင်းဒေသကြီးပွဲတွေ၊ အမျိုးသားအားကစားပွဲတွေ၊ အခြားအားကစားပွဲတော်တွေ အများကြီးလုပ်ပေးတာ ကျေးဇူးတင်တယ်။ အခုခေတ်က နည်းစနစ်ပိုင်းကအစ တိုးတက်မှုတွေများတယ်။ ဒါပေမယ့် တကယ့်အားကစားသမားတွေ ကြားမှာ အားကစားစိတ်ဓာတ်ထားပုံကျ ကွာတယ်။ ဒါကြောင့် ခုမျိုးဆက်သစ်ကလေးတွေကို မှာချင်တာက ကစားဖော်တွေ အားလုံးကြားမှာ ပြိုင်ဘက်လို သဘောမထားဘဲ ညီအစ်ကိုတွေလိုပဲ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင်နေစေချင်တယ်။ အဓိကကတော့ အလေးမမှာ ကိုယ်မနေကျ စံချိန်ကိုရရင်မရှုံးဘူး။ ကိုယ်ပြိုင်ပွဲမှာ ဆုမရရင်တောင် ကိုယ်ရထားတဲ့စံချိန်ကို ပြန်ရရင် ကိုယ့်အတွက်က မရှုံးဘူး။ ဒါကြောင့် ကိုယ်ရထားပြီးသားစံချိန်ကိုထိန်းထားနိုင်ရင် ဘယ်တော့မှ မရှုံးဘူး။ အလေးမကစားသမားကောင်းဖြစ်ဖို့ဆို နည်းပြဆရာလိုတယ်၊ အအိပ်၊ အစား၊ အနေအထိုင် စနစ်တကျနဲ့ စံချိန်ကို ထိန်းပြီး အချိန်မှန်မှန်လေ့ကျင့်ရင် ကစားသမားကောင်းဖြစ်မှာပါ။

**ဦးသန်းဝင်း (နည်းပြ၊**
**မန္တလေးရိုးရာခြင်း အမျိုးသမီးအသင်း)**
**ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ**

ကျွန်တော်တို့မန္တလေးတိုင်းဒေသကြီးအသင်းက အမျိုးသမီးရိုးရာခြင်းပြိုင်ပွဲမှာ ပထမရတယ်။ ပြည်နယ်နဲ့တိုင်းဒေသကြီးပြိုင်ပွဲတွေမှာ အခုနှစ် ဗိုလ်စွဲတာနဲ့ဆိုရင် သုံးနှစ်တိတိ ရွှေရခဲ့ပါပြီ။ ရရှိတဲ့ ပထမဆုနဲ့ ထိုက်တန်အောင် အများကြီးလေ့ကျင့်ခဲ့ရပါတယ်။ ကလေးတွေကို ဗထူးမိုးလုံလေလုံကွင်းမှာ နှစ်လတိတိ ကန့်ဝင်ပြီး အပြင်းအထန် လေ့ကျင့်ပေးတယ်။ အခြားအသင်းတွေနဲ့ အမှတ် ၉၀-၁၀၀ အထိ ပြတ်ခဲ့တယ်။ မနေ့ကပွဲမှာဆိုရင် အမှတ် ၁၂၀ လောက်အထိ အပြတ်အသတ်ကစားနိုင်ခဲ့တယ်။ အခုလို ဆုရတာက ကျွန်တော်တို့ တိုင်းရဲ့တာဝန်ရှိသူတွေရဲ့ ဂရုစိုက်စောင့်ရှောက်မှု၊ ပံ့ပိုးမှုတွေကြောင့်ဆိုရင်လည်း မမှားပါဘူး။ အခုလို ရွှေသုံးနှစ်ဆက်တိုက် ဆွတ်ခူးခဲ့တာကို အားရကျေနပ်မှုရှိပါတယ်။

**ဦးတင့်ဝေ**
**(လက်ထောက်ညွှန်ကြားရေးမှူး)**
**အုပ်ချုပ်သူ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဘော်လီဘောအသင်း**

ဆီမီးဖိုင်နယ်ပွဲမှာ ယှဉ်ပြိုင်ခဲ့တဲ့နှစ်သင်းစလုံးက ကစားသမားကောင်းတွေပါဝင်တဲ့အတွက် ယှဉ်ပြိုင်မှု အားကောင်းတယ်။ ကျွန်တော်တို့အား/ကာလူငယ်ရေး အသင်းအနေနဲ့လည်း ဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့တဲ့အတွက် ကျေနပ်ပါတယ်။ ပြည်ထဲရေးအသင်းကလည်း တော်တော်ကောင်းတဲ့ အသင်းတစ်သင်းဖြစ်တဲ့အတွက် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်သွားဖို့ ကစားသမားတွေကို မှာထားပါတယ်။ ဗိုလ်လုပွဲကတော့ ကြည့်ကောင်းမယ့် ပွဲတစ်ပွဲဖြစ်မှာပါ။ ကစားသမားစုဖွဲ့မှုတော့ ကျွန်တော်တို့အသင်းမှာ လက်ရွေးစင်ကစားသမားဟောင်းတွေနဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာ ဆုတံဆိပ်တွေရရှိထားတဲ့ ကစားသမားတွေနဲ့ စုဖွဲ့ထားတာဖြစ်တယ်။ ဒီနှစ်ကျင်းပတဲ့ အားကစားပွဲတော်ကြီးက တော်တော်အားရစရာပါ။ တခြားကစားနည်းတွေမှာ ဆီးဂိမ်းစံချိန်တွေကိုတောင် ချိုးတယ်လို့ သိရတဲ့အတွက် ဝမ်းသာတယ်။ ဘော်လီဘောပြိုင်ပွဲတွေမှာဆို ခုလိုပွဲကောင်းတွေ မမြင်ရတာ၊ မကြည့်ရတာကြာပြီ။ ခုပြိုင်ပွဲတွေမှာတော့ လူငယ်ကစားသမားတွေရဲ့ တိုးတက်မှုကို မြင်ရတဲ့အတွက် မြန်မာ့အားကစားလောကပြန်လည်တိုးတက်လာဖို့ မျှော်မှန်းပါတယ်။



မြတ်ကျော်ထွန်း



ကိုပြည့်ဖြိုးမောင်

**မြတ်ကျော်ထွန်း (ဘော်လီဘောနည်းပြ၊**
**ပြည်ထဲရေးအသင်း)**
**ယာဉ်ထိန်းရဲ တပ်ကြပ်ကြီး**


ကျွန်တော်တို့အသင်းအနေနဲ့ ဗိုလ်လုပွဲကို တက်ရောက်ခွင့်ရရှိခဲ့တဲ့အတွက် ဒီအဆင့်ထိ ကြိုးစားယှဉ်ပြိုင်ကစားခဲ့ကြတဲ့ ကစားသမားတွေအတွက် ဂုဏ်ယူပါတယ်။ ဗိုလ်လုပွဲမှာလည်း ပြည်ထဲရေးဝန်ကြီးဌာန ဂုဏ်ဆောင်နိုင်အောင် အကောင်းဆုံးယှဉ်ပြိုင်ကစားဖို့ရှိပါတယ်။ ဒီနှစ်မှာပြန်လည်ကျင်းပတဲ့ အမျိုးသားအားကစားပွဲတော်ကြီးက ပံ့ပိုးမှုရော၊ စည်းလုံးမှုရော အလွန်ကောင်းတယ်။ ဒီပြိုင်ပွဲတွေကနေ ရွေးချယ်ခံရတဲ့ ကစားသမားတွေအနေနဲ့ နိုင်ငံတကာပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ အစီအစဉ်ရှိတယ်လို့ သိရတယ်။ ကစားသမားတွေအတွက်လည်း ကြိုးစားရကျိုးနပ်တဲ့ အားကစားပွဲတော်ကြီး ဖြစ်ပါတယ်။

**ကိုပြည့်ဖြိုးမောင် (နည်းပြ၊ ပို့/ဆက် ဖူဆယ်ဘောလုံးအသင်း) ဝန်ကြီးဌာန**
**အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ**

ကစားသမားတွေကို နှစ်လခွဲလောက် လေ့ကျင့်ခဲ့ရတယ်။ ပြိုင်ပွဲမဝင်ခင်ကတည်းက ကြံ့ခိုင်မှု၊ စည်းလုံးမှု၊ ကစားကွက်တွေကို ပေါင်းစပ်ပြီးလေ့ကျင့်ခဲ့ရတယ်။ မပြိုင်ခင်ကတည်းက ကစားသမား ၁၈ ဦး လေ့ကျင့်ခဲ့ပြီး ပြိုင်ပွဲမှာတော့ ကစားသမား ၁၄ ဦး ပါဝင်ပါတယ်။ အနိုင်ရယူနိုင်ခဲ့တဲ့အတွက် ကစားသမားတွေအားလုံးကိုလည်း ကျေးဇူးတင်တယ်။ ကွာတားဖိုင်နယ်အဆင့်ကနေ ဆီမီးဖိုင်နယ်ရောက်တဲ့အထိ အသင်းတွေအားလုံးကလည်း ပြင်ဆင်လာခဲ့တဲ့ အသင်းကောင်းတွေချည်းဖြစ်လို့ ပြိုင်ဆိုင်မှုကတော့ အကြိတ်အနယ်ပါပဲ။ ဒီနေ့ယှဉ်ပြိုင်တဲ့ တစ်ဖက်အသင်းကစားသမားတွေကလည်း လူငယ်ကစားသမားတွေချည်းစုဖွဲ့ထားတော့ ဒုတိယပိုင်းမှာ ကစားအား တော်တော်တက်လာတယ်။ အချိန်ပိုဒုတိယပိုင်း ပွဲပြီးတဲ့အချိန်အထိ သရေကျတဲ့အတွက် ပယ်နယ်တီအဆုံးအဖြတ်နဲ့ ကျွန်တော်တို့အသင်း ဗိုလ်လုပွဲတက်နိုင်ခဲ့ပါတယ်။ ဗိုလ်လုပွဲမှာလည်း အနိုင်ရရှိအောင် အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါ။

**တွေ့ဆုံမေးမြန်း**
**ခင်ရတနာ၊ ဇင်ဦး၊**
**ဟိန်းထက်ဇော်၊ မျိုးထက်ဦး**
**ဓာတ်ပုံ-ဟိန်းဇင်ထက်**

# ဆီးသီးစိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ မုံပင်နှင့် ကံကြီးကျေးရွာတို့တွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ နှစ်ရှည်သီးနှံ တစ်မျိုးဖြစ်သော ဆီးပင်များကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဆီးပင်စိုက်ပျိုးရာတွင် ကိုင်းကူးပျိုးပင်များကို ဝယ်ယူ၍ ဇွန်လတွင် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး ၂-၃ နှစ်ခန့်အကြာတွင် ဆီးသီးများ စတင်သီး၍ နိုဝင်ဘာလတွင် ဆီးသီးများ စတင်ထွက်ပေါ်ပြီး ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ ရာသီဥတုဒဏ်ခံနိုင်ပြီး အထွက်နှုန်းနှင့် အလုံးကြီး၍ အရည်အသွေးနှင့် အရသာကောင်းမွန်သော ဆီးသီးမျိုးများကို နှစ်ပေပတ်လည် ကျင်းတူး၍ ၁၅ ပေ အကွာအဝေးဖြင့် စိုက်ပျိုးကြကြောင်း၊ စတင်စိုက်ပျိုးသည့်အချိန်တွင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၂၅၀၀၀၀၀-၃၀၀၀၀၀၀ ခန့် ကုန်ကျပြီး နှစ်ရှည်သီးနှံ ဖြစ်သည့်အတွက် ဆီးသီးများ စတင်ထွက်ပေါ်ပြီးနောက် ကုန်ကျစရိတ်နည်းပါးလာကြောင်း၊ ဆီးသီးများကို ခုနစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး စတင်ထွက်ပေါ်ချိန်မှ ရာသီကုန်သည်အထိ သုံးလအကြာ ခူးဆွတ်ရကြောင်း၊ စတင်ခူးဆွတ်ချိန်တွင် ဆီးသီး ၁၀ ပြည်ပါ ဖာ ၂၀ ခန့် ထွက်ရှိပြီး လှိုင်လှိုင်ထွက်ပေါ်ချိန်တွင် ဖာ ၃၀-၃၅ အထိ ထွက်ရှိရာ တစ်ဧကလျှင် စုစုပေါင်းပျမ်းမျှအထွက်နှုန်းအနေဖြင့် ဖာ ၅၀ ခန့် ထွက်ရှိကြောင်း၊ အလုံးအသေး အကြီးပေါ် မူတည်၍ ဆီးသီး ၁၀ ပြည်ပါ တစ်ဖာလျှင် လက်ကားဈေး ငွေကျပ် ၂၀၀၀၀-၂၂၀၀၀ ဖြင့်လည်းကောင်း၊ လက်လီဈေး အလုံးကြီး တစ်ပြည်လျှင် ငွေကျပ် ၃၀၀၀၊ အလုံးသေးတစ်ပြည်လျှင် ငွေကျပ် ၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် မန္တလေး၊ အောင်ပန်း၊ တောင်ကြီးနှင့် ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ယိုစုံလုပ်ငန်းရှင်များကလည်း ဆီးသီးခြံအထိ လာရောက်ဝယ်ယူကြကြောင်း၊ တစ်ဧကလျှင် စုစုပေါင်းငွေကျပ် သိန်း ၂၀ ခန့် အမြတ်ရရှိပြီး အထွက်နှုန်းနှင့် ဈေးနှုန်းအပေါ်မူတည်၍ အကျိုးအမြတ်များ ပိုမိုရရှိကြောင်း ဆီးသီးစိုက်တောင်သူများ၏ ပြောကြားချက်အရ သိရသည်။

**DOCA (မန္တလေး)**



# အထက်မင်းလှမြို့နယ် ဥယျာဉ်ကျေးရွာ၌ ပဲကြီးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ပဲစင်းငုံ၊ ပဲကြီး၊ စပါး၊ ကြက်သွန်နီ၊ ကုလားပဲ၊ မြေပဲနှင့်နှမ်း စသည့် သီးနှံများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ဆောင်းသီးနှံတစ်မျိုးဖြစ်သည့် ပဲကြီးသီးနှံကို ၁၃ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

ပဲကြီးသီးနှံကို နိုဝင်ဘာလတွင် စတင်စိုက်ပျိုးပြီး လေးလခန့်အကြာတွင် ခူးဆွတ်ရိတ်သိမ်းရကြောင်း၊ ပဲကြီးကို ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုး ၁၀ ပြည်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစုများနှင့် လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် သုံးသိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ပဲကြီး ၁၁-၁၂ တင်းခန့် ထွက်ရှိပြီး ပဲကြီးတစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ဧကလျှင် ငွေကျပ် ၆၀၀၀၀၀ ခန့် အမြတ်ရရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ပဲကြီးသီးနှံများကို မင်းလှမြို့ပေါ်ရှိ ပွဲရုံများနှင့် ပဲကြော်ဖိုလုပ်ငန်းများသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

ဒီဇင်ဘာလ ဒုတိယပတ်တွင် ပဲကြီးတစ်တင်းလျှင် ငွေကျပ် ၈၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းနှင့် ယခုအချိန်တွင် ပဲကြီးသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်၍ ဈေးကောင်းရရှိပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ပဲကြီးစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (မကွေး)**

# ကျောက်ဆည်မြို့၌ ဘူးသီးများ ဈေးကောင်းရ၍ တောင်သူများအဆင်ပြေ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ပင်တလည်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဘူးသီးကို မိသားစုတစ်နိုင်တစ်ပိုင်အနေဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဘူးသီးကို ရာသီမရွေး စိုက်ပျိုးနိုင်ကာ စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် ဘူးသီးများ စတင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ဘူးသပိတ်၊ ဘူးလည်လှ၊ ဘူးရှည်မျိုးတို့ကို အများဆုံးစိုက်ပျိုးကြကြောင်း၊ ဘူးပင်စိုက်ပျိုးရာတွင် မြေဆွေး၊ မြေသြဇာများကို သမအောင် ရောစပ်ပြီး စိုက်ပေါင်များပြုလုပ်၍ စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် စုစုပေါင်းငွေကျပ် ၈၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ကေလျှင် ဘူးသီးအလုံးရေ ၅၀၀၀ ခန့် ထွက်ရှိပြီး အလုံးအရွယ်အစားပေါ်မူတည်၍ လက်ကားဈေး တစ်လုံးလျှင် ငွေကျပ် ၅၀၀ နှင့် လက်လီဈေး တစ်လုံးလျှင် ငွေကျပ် ၁၀၀၀-၁၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ကေလျှင် ငွေကျပ် ၁၇ သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် သီးနှံပွဲစားများက စိုက်ခင်းများအထိ လာရောက်ဝယ်ယူကြပြီး ဒေသတွင်းရောင်းချမှုအပြင် ရန်ကုန်၊ မော်လမြိုင်နှင့် ညောင်တုန်းမြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဘူးသီး သီးနှံစိုက်ပျိုးခြင်းသည် ဘူးသီးအပြင် ဘူးညွှန့်များကိုပါ ရောင်းချရသည့်အတွက် မိသားစုအပိုဝင်ငွေရရှိပြီး ဘူးသီးဈေးနှုန်းကောင်းမွန်သောကြောင့် အကျိုးအမြတ်ရရှိကာ တောင်သူများ အဆင်ပြေလျက်ရှိကြောင်း ဘူးသီးစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (မန္တလေး)**

# မြစ်သားမြို့နယ်၌ ထောပတ်ပဲသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်းရှိ ရစ်ကန်၊ ရိုးကန်၊ ညောင်ဝန် စသည့် ကျေးရွာများတွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ထောပတ်ပဲသီးနှံကို အများဆုံး စိုက်ပျိုးပြီး စိုက်ဧက ၁၆၀ ခန့် စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ထောပတ်ပဲသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး နှစ်လခွဲခန့်အကြာတွင် ခူးဆွတ်ရိတ်သိမ်းနိုင်ကြောင်း၊ ထောပတ်ပဲပင်ပြန့်မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် ထောပတ်ပဲမျိုး ၄-၅ ပြည်ခန့် ကုန်ကျကြောင်း၊ ထောပတ်ပဲသီးနှံစိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲ မျိုးစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၂၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ထောပတ်ပဲ ၁၀-၁၂ တင်းခန့်ထွက်ရှိပြီး တစ်တင်းလျှင် ငွေကျပ် ၈၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ဧကလျှင် ငွေကျပ် ၆၅၀၀၀၀ ခန့် အမြတ်ရရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မန္တလေးနှင့် ရန်ကုန် မြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ဒီဇင်ဘာလ တတိယပတ်တွင် ထောပတ်ပဲ တစ်တင်းလျှင် ငွေကျပ် ၉၀၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုအချိန်တွင် ထောပတ်ပဲသီးနှံစိုက်ခင်းများမှာ အသီးအပွင့်များ ဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မကြာမီအချိန်တွင် ရိတ်သိမ်းရမည်ဖြစ်ကြောင်း၊ ထောပတ်ပဲသီးနှံသည် စိုက်ပျိုးစရိတ်သက်သာ၍ အကျိုးအမြတ်ရရှိသောကြောင့် နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း ထောပတ်ပဲစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (မန္တလေး)**

## ၁၈-၁၂-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၀၀၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၇၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၃၅၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၅၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၁၉၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၀ | ၁၇၅၀၀ | ၅၀၀၀ | ၁၇၅၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လွိုင်ကော် | ၄၅၀၀ | | ၇၈၀၀ | ၂၀၀၀၀ | ၈၃၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | | ၄၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၈၀၅၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၃၀၀ | ၁၈၀၀၀ | ၈၀၃၅ | ၁၈၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၈၄၅၀ | ၁၉၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၈၀၀ | ၂၃၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၉၀၀၀ | ၈၆၁၅ | ၁၉၀၀၀ | ၅၀၀၀ | ၁၈၅၀၀ | ၂၁၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၉၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၅၅၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၆၅၀ | ၁၅၀၀၀ | ၅၀၀၀ | ၂၁၀၀၀ | ၂၃၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၅၄၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၀၀၀၀ | ၉၀၀၀ |
| ၁၀ | ပုသိမ် | ၃၅၅၀ | | ၅၂၀၀ | ၁၂၅၀၀ | ၈၀၅၀ | ၁၀၀၀၀ | ၃၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၁၃၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၆၃၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၆၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၈၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၄၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၀၀၀ | ၈၇၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၆၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၅၀၀ | ၈၂၀၀ | ၁၂၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၇၀၀ | ၈၆၀၀ | ၈၅၀၀ | ၁၃၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၀၈၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၁၅၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၄၀၀ | ၉၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၃၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၇၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၁၇၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၈၀၀ | ၆၀၀ | ၈၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၆၈၀၀ | ၅၁၅၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၂၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၁၇၀ | ၁၅၅၀၀ | ၄၅၀၀ | ၁၅၅၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၆၀၀ | ၉၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၇၅၀၀ | ၅၁၅၀ | ၁၉၀၀၀ | ၂၈၅၀၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၁၂၅၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၅၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၂၇၀၀၀ | ၃၂၀၀၀ | ၂၉၀၀၀ | | ၁၆၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# အနာဂတ်သို့ ခြေလှမ်းများ

**ဇလဗေဒဆိုသည်မှာ မိုးလေဝသနှင့် ရာသီဥတုတို့ကို ကြိုတင်ခန့်မှန်းနိုင်ရန် လေ့လာခြင်း၊ တွက်ချက်ခြင်းတို့ပြုလုပ်ရသော ဘာသာရပ်ဖြစ်သည်။ သူကိုယ်တိုင်လည်း ဇလဗေဒ၏အဓိပ္ပာယ်ကို အလုပ်မဝင်ခင်အထိ ဘာမှန်းမသိခဲ့။ ကျောင်းတွင်လည်း မသင်ခဲ့ရ၊ ပြင်ပ၌လည်း မကြားစဖူး၊ လုပ်ငန်းခွင်ကျမှ သေသေချာချာ သိနားလည်လာရခြင်းဖြစ်၏။**

လက်ျာ

သူက မိုးလေဝသဌာနတစ်ခုမှာ အလုပ်လုပ်သည်။ ဘာမျှနားမလည်ဘဲ အစိမ်းသက်သက် ဝင်ရောက်လုပ်ကိုင်ခဲ့သည်တော့မဟုတ်။ အလုပ်မရခင် သင်တန်းအရင်တက်ခဲ့ရသေးသည်။ မိုးလေဝသနှင့်ဆိုင်သော အချက်အလက်များကို စစ်တမ်းကောက်ယူခြင်း၊ လေ့လာသုံးသပ်ခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကို အကျွမ်းဝင်လာတော့မှ လုပ်ငန်းခွင် ဝင်ရလေသည်။

သူသည် လူပျိုလူလွတ်ဖြစ်၍ မိဘနှင့်အတူနေသူမို့ ဘတ်စ်ကားနှင့် ရုံးတက်ရ၏။ သူနေသော မြို့သစ်မှ ဇလဗေဒဌာနသို့ ကားအကြာကြီးစီးရသည်။ ထိုအခါ လူပေါင်းစုံနှင့် ထိတွေ့ရသလို သဘာဝဝန်းကျင်မျိုးစုံကိုလည်း မြင်တွေ့ရလေသည်။

သူသည် သဘာဝကို ချစ်သူဖြစ်၏။ သဘာဝကျသော သဘာဝ၏အလှများကို တစိမ့်စိမ့်ကြည့်ရှုခံစားနေတတ်ခြင်းကိုက သူ၏သဘာဝဖြစ်သည်။ လမ်းဘေးဝဲယာရှိ ကောက်ပင်စိမ်းစိမ်းများ၊ အရေခွံခွာချလိုက်သော ယူကလစ်ပင်များမှစ၍ စိုစွတ်နေသောလမ်းပေါ်၌ တင်ကျန်ရစ်သည့် ရေအိုင်လေးများ၊ နှင်းများတွဲခိုနေသည့် မြက်တောများအထိ သူသဘောကျ၏။

ထို့ကြောင့်လည်း သဘာဝကို လေ့လာရသော ဇလဗေဒ၌ သူအာရုံဝင်စားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ သူ့ထံသို့ နေ့စဉ်သဘာဝ၏ အချက်အလက်များစွာ နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်လာသည်။ ဌာနခွဲများမှ ပေးပို့လိုက်သော မြစ်ရေမှတ်တိုင်းတာခြင်း၊ ရေစီးထုထည်၊ သဲနုန်းထုထည် စီးဆင်းမှုတိုင်းတာချက်၊ မြစ်ရေအရည်အသွေးစသည်တို့ကို သူတို့က မှတ်တမ်းတင် တွက်ချက်ကြရသည်။

မိုးရေချိန်၊ လေတိုက်နှုန်း၊ ဘဂ်လားပင်လယ်အော် အခြေအနေ စသည်တို့ကိုလည်း စောင့်ကြည့်လေ့လာ၍ ခန့်မှန်းချက်ထုတ်ပြန်ကြရ၏။ သို့သော် သူ့ထံရောက်ရှိလာသော သတင်းအချက်အလက်များမှာ ဌာနခွဲများမှပေးပို့ချက်ချည်းတော့ မဟုတ်ချေ။ နေ့စဉ် မြင်တွေ့နေရသော ပတ်ဝန်းကျင်ကလည်း မိုးလေဝသကို ခန့်မှန်းပေးတတ်၏။

စာကလေးများ အမိုးကြားသို့ တိုးဝင်အသိုက်ဆောက်နေကြပြီဆိုလျှင် မိုးကြီးရွာတော့မည်ဟု ရွာတွင်နေခဲ့စဉ်က မှတ်သားရဖူးသည်။ ယခု မြို့တွင်တော့ ပုရွက်ဆိတ်များ တွင်းမှထွက်၍ အိမ်နံရံများ တစ်လျှောက် ဥများသယ်ကာ သွားလာနေကြပါက မိုးများမည်၊ ရေကြီးမည်ဟု သိနေကြပြီ။

ဘတ်စ်ကားစီးရင်း တွေ့ရသူတို့ကလည်း သူတို့ဘာသာ မိုးလေခန့်မှန်းနိုင်ကြပါပေသည်။ သူတို့စကားများကို နားဆင်ကြည့်ပါဦး။




"စနေထောင့်မှာ မည်းနေတာပဲ၊ ညနေတော့ မိုးမိပါပြီ"

"မိုးသားတွေ ပွနေတာများ ဖွေးဖွေးလှုပ်လို့။ မိုးဖြူမစဲ မိုးမည်းမရွာဆိုတဲ့အတိုင်း ဒီနေ့တစ်နေ့လုံး ချတော့မှာ"

"သားချေ… ကြားလား၊ ရေဆုတ်သွားပြီဆို။ နင့်အဖေကို လှေမဆင်းခိုင်းနဲ့ဦးနော်။ အေး… အေး… ကုန်းပေါ်တက်နေကြ… ကြားလား"

ဤသို့သော ဘာသာဘာဝ ခန့်မှန်းချက်များကို နေ့စဉ်လိုလို ကြားနေရတတ်၍ သူပြုံးမိသည်။ တိရစ္ဆာန်များလောက် အားမကောင်းသော်ငြား လူတို့တွင်လည်း မိုးလေဝသကို ကြိုတင်အာရုံခံနိုင်သော အသိရှိကြပေ၏။ တစ်ခါတစ်ရံ ခရီးသည်များသည် သူတို့ဌာနမှ ထုတ်ပြန်ချက်များအပေါ် ဆွေးနွေးပြောဆို အသိပေးကြသည်လည်းရှိ၏။

"ဟဲ့… နင် ကြားပြီးပြီလား။ ၂၁ ရက်ကနေ ၂၅ ရက်အထိ မုန်တိုင်းရှိတယ်တဲ့"

"အင်း… ကြားတယ်၊ တို့ဆီက အဖျားခတ်ရုံပါ။ ရခိုင်နဲ့ ဧရာဝတီဘက် ဝင်မယ်ပြောတာပဲ"

"အတွင်းထဲထိ မဝင်လောက်ပါဘူး။ အနောက်မြောက်ဘက်ကို ရွေ့လျားနေတာဆိုတော့။ မိုးတော့ များဦးမှာပဲနော်"

"တို့ရွာတွေ မိုးမျှော်နေတာ တစ်ပေါက်တောင် မကျသေးဘူး။ မုန်တိုင်းရှိမှပဲ သီးနှံတွေ မပစ်ရမှာ"

ဟုတ်ပေ၏။ မြန်မာနိုင်ငံမှ တောင်သူအများစုသည် မိုးနှင့် အလုပ်လုပ်ကြရသည်။ မိုးရာသီကို ချိန်၍ သီးနှံစိုက်ပျိုးကြ၏။ ရွာသင့်ချိန် မရွာလျှင် သောကရောက်ကြရသလို အလွန်အကျွံ မိုးကြီးလျှင်လည်း စိုက်ခင်းများ ရေမြုပ်သွားတတ်ပြန်၏။ သူတို့အဖို့ မိုးလေဝသသတင်းသည် အခြားသော ပြည်သူများထက် အပြောများသော၊ စိတ်ဝင်စားစရာကောင်းသော အကြောင်းအရာမျိုး ဖြစ်လေသည်။

သူတို့သာလော၊ မဟုတ်ပါ။ ရေလုပ်ငန်းနှင့် အသက်မွေးကြသည့် တံငါ၊ ငါးဖမ်းလှေ၊ လှေသမား၊ သင်္ဘောသားတို့သည်လည်း မိုးလေဝသသတင်းကို မပြတ် နားစိုက်နေကြရသည်သာ။ သူတို့အတွက် ပို၍ပင် အရေးကြီးသေးသည်။ မြစ်ရေကြီးမည်၊ ရေနည်းမည်၊ ပင်လယ်ပြင်၌ လှိုင်းထန်မည် သို့မဟုတ် မုန်တိုင်းရှိသည်ဟူသော သတင်းများသည် အသက်နှင့်အမျှ အဖိုးတန်သည် မဟုတ်ပါလား။

ထို့ကြောင့် မိုးလေဝသနှင့် ဇလဗေဒဝန်ထမ်းများအဖို့ အချိန်မှန် သတင်းမှန်ထုတ်ပြန်နိုင်ရန် လိုအပ်သလို ထူးခြားသတင်းများကိုလည်း တိကျသည်ထက် တိကျအောင် ခန့်မှန်းနိုင်ရန် အရေးကြီး၏။ သဘာဝဘေးနှင့် ဆိုင်သောအခါ သူတို့ပို၍ ဝါယမစိုက်ကြရသည်။ လူ့အသက်ပေါင်းများစွာကို ကယ်တင်နေသည့် သူရဲကောင်းကြီးများအလား ကြိုးစားကြရလေသည်။

သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများရှိကြောင်း ကြားရလျှင်စိတ်မကောင်းဖြစ်မိသော်လည်း သဘာဝကို သူအပြစ်မမြင်ပါ။ သဘာဝဘေးမှာ လူတို့၏ ပေါ့ဆမှုနှင့် မထီမဲ့မြင်မှုများ ပါနေသောကြောင့် ဖြစ်သည်။ သို့ရာတွင် လူတွေကိုလည်း အပြစ်မတင်လို၊ တစ်ဝမ်းတစ်ခါးစာမက ရုန်းကန်နေကြရသူများအဖို့ သဘာဝကို အထူးတလည် ထိန်းသိမ်းပြုပြင်နေရလောက်အောင် မတတ်နိုင်ကြသည်ကို မျက်မြင်တွေ့ထိ ကြားသိနေရသည်ပဲ။

သူတို့၏ တာဝန်အရ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသည် နံပါတ် ( ၁ ) အရေးအကြီးဆုံး ရည်ရွယ်ချက်ဖြစ်၏။ မုန်တိုင်းဘေး၊ ရေဘေး၊ ငလျင်ဘေး စသည်တို့ကြောင့် ပြည်သူများ ဆုံးရှုံးနစ်နာမှုမရှိစေရန် အတတ်နိုင်ဆုံးကြိုးစားရသကဲ့သို့ ခရီးသွားလာခြင်းနှင့် လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု နည်းပါးစေရန်လည်း ဂရုပြုရ၏။

ယခုလို မိုးရာသီတွင် မုန်တိုင်းဝင်ခြင်း၊ ဒီရေဝင်ရောက်ခြင်း၊ ရေကြီးခြင်းတို့ကြောင့် အလုပ်ပိုများလေ့ရှိ၏။ ထို့ကြောင့် နံနက်စောစော အိမ်မှထွက်ကာ ကားစီးရန် မှတ်တိုင်ရောက်နေသည့် သူသည် ကားစောင့်ရင်း ရွာသို့ဖုန်းဆက်ရာ သံရှည်မြည်သံ အဆုံး၌ ကြားနေကျ ဘိုးလေးတင့်၏ အသံကိုကြားရလေသည်။

"ဟလို၊ ဘိုးလေးလား… ဘာတွေ အလုပ်ရှုပ်နေတုံး"

"ဟေ ငါ့မြေး၊ ခုပဲ ဆက်တော့မလို့။ မင့်အဘွားကတောင် ပြောနေတာ။ ရွာက လူတွေကလည်း မေးလှပြီ။ ပျိုးတွေလုပ်နေရတော့ ဒီဘက်မလှည့်အားဘူးကွယ်"

"ဟုတ်လား၊ စိုက်ကြတော့မှာလား"

"မြေးကို မမေးဘဲ မစိုက်ပါဘူး။ စိုက်ပြီးမှ မိုးမကျရင် အလကားဖြစ်ကုန်မှာပေါ့ကွယ့်"

"မိုးက ဘိုးလေးတို့ဆီမှာ တစ်ရက် နှစ်ရက်အတွင်းတော့ မရွာသေးဘူး။ နောက်တစ်ပတ်ထဲမှ ရွာလိမ့်မယ် ဘိုးလေးရေ"

"အေး အေး… တို့လည်း ဒီလို ထင်တာပဲကော။ ဒါပေမယ့် သေချာအောင် မင်းဆီကသတင်း စောင့်ရသေးတယ်လေ။ နောက်တစ်ပတ်မှ မရွာရင်တော့ ပျိုးပင်တွေ ခြောက်ဖို့။ တို့တော့ ဒီစနေ စစိုက်မယ်မှန်းတာပဲ"

"တနင်္လာလောက်မှ စိုက်ပါလား ဘိုးလေးရဲ့။ ထားလို့ မရဘူးလား"

"အဲဒီနေ့ လူရမှ ရပ့်ါမလား။ တခြားသူတွေနဲ့ အပြိုင်ဖြစ်နေရင် လုပ်သားမရဘူး ငါ့မြေး"

ဖုန်းစပီကာ ဖွင့်ထားပုံရသည်။ အဘွား၏ အသံကို အနောက်မှ ကြားရ၏။

"အို… ကိုလေးတင့်၊ စနေ တနင်္ဂနွေမှာ အားလုံးစိုက်ကြမှာကို။ တနင်္လာမှဆို လူတောင်ရှင်းသေး။ ရတယ်ပြောလိုက်"

"အေး… အေး၊ အေးပါကွာ။ ကြားထဲ ငါ ရေဖျန်းထားရမှာပေါ့"

သို့နှင့် အနည်းငယ်ပြောပြီး ဖုန်းချလိုက်သည်။ ထို့နောက် တစ်ကိုယ်တည်း ပြုံးမိပြန်သည်။ သူ့အဘိုးအဘွားများသည် ဦးလေးများနှင့်အတူ ရွာမှာပဲ လယ်ယာလုပ်ငန်း လုပ်ကိုင်ကြဆဲဖြစ်၏။ ဘိုးလေးတို့သည် တောင်သူလယ်သမားများထဲ၌ နှစ်တိုင်းလိုလို အထွက်အကောင်းဆုံး၊ သီးနှံအရဆုံး နာမည်ကျော်များပင်။

ထိုသို့ ရသည်မှာလည်း လုပ်ငန်းကျွမ်းကျင်၍ စည်းစနစ်တကျ လုပ်ကိုင်တတ်ခြင်းအပြင် မြေးဖြစ်သူ၏ အကူအညီများပါသည်ဟု တစ်ရွာလုံးက သတ်မှတ်ပြောဆိုလေ့ရှိကြ၏။ မြေးတစ်ယောက်လုံး မိုးလေဝသဌာနမှာ ရှိနေမှတော့ ရုပ်မြင်သံကြားနှင့် ရေဒီယိုများကို စောင့်နေစရာမလို၊ လိုအပ်လျှင် သတိပေးချက် ပို့လိမ့်မည်ဖြစ်ကြောင်း သိနေကြသည်။

သည်နှစ် မိုးနည်းမည်၊ မည်သည့် သီးနှံစိုက်သင့်သည်မှစ၍ မည်သည့်ရက် ခရီးမသွားနှင့်၊ မိုးများမည်၊ ကန်သင်းဖို့ထားသင့် ထား၊ ရေလွှဲကြောင်းဖောက်တန်ဖောက်ဟု သူက မကြာခဏ ဖုန်းဆက်ပြောတတ်သဖြင့်

*စာမျက်နှာ ၁၇ သို့*

**❖ သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများရှိကြောင်း ကြားရလျှင် စိတ်မကောင်းဖြစ်မိသော်လည်း သဘာဝကို သူအပြစ်မမြင်ပါ။ သဘာဝဘေးမှာ လူတို့၏ ပေါ့ဆမှုနှင့် မထီမဲ့မြင်မှုများ ပါနေသောကြောင့် ဖြစ်သည်။ သို့ရာတွင် လူတွေကိုလည်း အပြစ်မတင်လို၊ တစ်ဝမ်းတစ်ခါးစာမက ရုန်းကန် နေကြရသူများအဖို့ သဘာဝကို အထူးတလည် ထိန်းသိမ်းပြုပြင်နေရလောက်အောင် မတတ်နိုင်ကြသည်ကို မျက်မြင်တွေ့ထိ ကြားသိနေရ**

## ထန်းတပင်မြို့ ရာသီဥတုအညွှန်းကိန်း အခြေပြု သီးနှံအာမခံလုပ်ငန်း ရေကြီးနစ်မြုပ်ပျက်စီးခြင်းအတွက် လျော်ကြေးပေးအပ်



ရန်ကုန် ဒီဇင်ဘာ ၁၈

ရာသီဥတု အညွှန်းကိန်းသီးနှံ အာမခံ၊ ရေကြီးနစ်မြုပ် ပျက်စီးခြင်းအတွက် လျော်ကြေးပေးအပ်ပွဲကို ထန်းတပင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ဒီဇင်ဘာ ၁၇ ရက်က ကျင်းပသည်။

မြန်မာ့ အာမခံလုပ်ငန်းမှ ယခု ကျင်းပသည့် သတ်မှတ်ထားသောမိုးရေချိန်စံညွှန်းကိန်းထက် မကျော်လွန်ခဲ့သော်လည်း အကြောင်း အမျိုးမျိုးကြောင့် ရေကြီးနစ်မြုပ် ပျက်စီးခဲ့သော ထန်းတပင်မြို့နယ်၊ မဲပလီ၊ ရွှေကြာဖျိုက်၊ လမုတန်းကြီး၊ ဘောလည်၊ အတွင်းရေကျော်၊ ကျွဲကူး၊ ကလိုင်ဖီ၊ ပန်တိုင်၊ ဆက်ကလေး၊ ရေပေါ်သောင်၊ ကလိန်၊ ချောင်းညီအကို၊ ညွှန့်ပေါင်းကျေးရွာတို့မှ တောင်သူများအား အာမခံထားရှိခဲ့သော မိုးစပါး စိုက်ဧက စုစုပေါင်း ၁၁၅၉ ဧကအတွက် သီးနှံအာမခံ လျော်ကြေးငွေကျပ် ၃၄၇၇၀၀၀၀ ကို ပေးအပ်သည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး ဒုတိယ သတ်မှတ်ကာလတွင် သတ်မှတ်ထားသော မိုးရေချိန်စံညွှန်းကိန်းထက် ကျော်လွန်ခြင်းအတွက် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်၊ တွံတေး၊ လှည်းကူးမြို့နယ်များမှ သီးနှံ အာမခံထားရှိခဲ့သော မိုးစပါး စိုက်ဧကများအတွက် လည်း လျော်ကြေးငွေများ ဆက်လက်ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

## မြောင်းမြမြို့တွင် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းအမှတ်စဉ် (၂) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

မြောင်းမြ ဒီဇင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်း အမှတ်စဉ် (၂) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

ဦးစွာ မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းငွေက အဖွင့်အမှာစကားပြောကြားခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ အဆိုပါသင်တန်းကို မြောင်းမြခရိုင် (မြောင်းမြမြို့နယ်၊ အိမ်မဲမြို့နယ်၊ ဝါးခယ်မမြို့နယ်) နှင့် လပွတ္တာခရိုင် (လပွတ္တာမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်) များမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀၄ ဦးတို့အား သင်တန်းနည်းပြဆရာ ရှစ်ဦးက ဒီဇင်ဘာ ၉ ရက်မှ ၁၈ ရက်အထိ ၁၀ ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)



**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

*စာမျက်နှာ ၁၆ မှ*

ထိခိုက်မှုအနည်းဆုံးဖြစ်ရသည် ဆိုလျှင်မမှား။ နောက်ပိုင်းတွင် အချို့တောင်သူများသည် သူ့ဖုန်းစောင့်ပြီးမှ လုပ်ငန်းခွင်သို့ သွားကြသောဟူ၏။

သူက အမြဲမှန်သည် မဟုတ်သော်လည်း သေချာလောက်မှ ပြောတတ်၍ ရွာရှိ ရပ်ဆွေရပ်မျိုးများ၏အားထားရာ မိုးလေဝသသတင်းထုတ်ပြန်သူ ဖြစ်လာသည်။ သူမို့ ရွာပြန်သွားလျှင် ကျေးဇူးရှင်ကြီးအလား ဟိုအိမ်ကခေါ် ဒီအိမ်ကပင့်နှင့် အိမ်တကာ လည်ကာ ညှော့သည်လိုက်လုပ်ရတတ်၏။ ညှော့ခံကြရင်း သူတို့သိလိုသမျှ မေးလာကြသည်ကို ဖြေရသည်။

"မနှစ်က တို့လယ်တွေ ရေမြုပ်လိုက်တာကွယ်။ လေးလေးတင့်တို့ ပြောပါလျက်နဲ့ သူလေ... သူ၊ ပျင်းအားကြီးနေတာ။ အချိန်မီ လုပ်သင့်တာ မလုပ်တော့ ပျက်ကရော"

အိမ်ရှင် အဒေါ်ကြီးက ကော်ဖီနှင့် မုန့်များချရင်း အိမ်ထောင်ဦးစီးအား အပြစ်တင်သည်ကိုလည်း ဤသို့ ကြားရဖူး၏။

"ဩော်... ဘယ်ထင်မတုန်းဟ။ အဲဒီတုန်းက မိုးမစွေဘဲ အုန်းဆို ရွာချသကိုး။ တော်တန်ရုံရွာပြီး ပြတ်မယ်ထင်တာပေါ့"

ထိုအခါ သူက မိုးလေသတင်းကို နားထောင်၍ အခါအားလျော်စွာ လုပ်သင့်လုပ်ထိုက်သည်တို့ လုပ်ပါက ပျက်စီးနိုင်ခြေနည်းပါးကြောင်း၊ သူတို့ မိုးလေဝသသမားများသည် စိုက်ပျိုးရေးသမားများအတွက်လည်း ကြည့်ရှုသုံးသပ် တွက်ချက်ထုတ်ပြန်ပေးကြောင်း၊ ထို့ကြောင့် သတင်းမကြည့်ဖြစ်လျှင်တောင် ဘိုးလေးတင့်အိမ်ဝင်၍ စနည်းနာသင့်ကြောင်း ပြေလည်စွာပြောပြရသည်။

"အေးပါ...ငါလည်း နားဝေးတဲ့သူ မဟုတ်ပါဘူး။ မင်းအဒေါ်က မြည်တွန်တောက်တီးလွန်းတော့ ဟုန်ပြီး ယောင်နနဖြစ်သွားလို့ပါ"

"အမယ်လေး...ဖြစ်ရတယ် ကိုအောင်မြို့ရယ်၊ ဖြစ်ရတယ်။ ဒီလောက် ပြောနေတာတောင် မလှုပ်တာကို"

ရွာခလေ့ကတော့ ထိုသို့ပင်။ အချို့က အေးလွန်းသည်။ အချို့က ဆူလွန်းသည်။ ယင်း မတူညီမှုများ သူ့ဟာနှင့်သူ သဟဇာတဖြစ်နေကြသည်ကပင် ပျော်စရာ။ ရွာရောက်တိုင်း သူ့မှာကြားစရာက အပြည့်။ ရွာဇာတ်လမ်းများကို နားထောင်ရသည်ကား မရိုးမအီနိုင်ပါချေ။

❑ **ရေလုပ်သားများမှာ မုန်တိုင်းသတင်း မကြားရသောကြောင့်လည်းကောင်း၊ ကြားသော်လည်း ပေါ့ဆသဖြင့်လည်းကောင်း အသက်ဆုံးရှုံးကြရသည်မှာ မနည်းတော့။ သူ၏ ကြိုတင်ခန့်မှန်းမှုနှင့် ချက်ချင်းသိစေမှုကြောင့် ချစ်သောသူ၏ မိသားစု အပါအဝင် ရေလုပ်သားအများ ဘေးလွတ်ကြောင်း ကြားလိုက်ရသောအခါ သူတစိမ့်စိမ့်ကျေနပ်၍ မဆုံးပြီ**

❑ **အကြောင်းတိုက်ဆိုင်တိုင်းလည်း တကူးတက ကောင်းမှုပြုရသည်မဟုတ်ဘဲ လူ့အသက်များကို ကယ်ဆယ်နိုင်သော သမ္မာအာဇီဝအလုပ်တစ်ခုကို လုပ်မိခြင်းအတွက် ဂုဏ်ယူနေမိသည်။ ငယ်ငယ်က အားကျခဲ့ရသော Super Hero ကြီးများလို အစွမ်းသတ္တိမရှိသော်ငြား သူတို့နှင့်မခြား ကိုယ့်ကိုယ်ကိုယ် အားရမိ**

တစ်ခါတစ်ရံ ကတ်သီးကတ်သတ် အမေးမျိုးနှင့်လည်း ကြုံရတတ်ပြန်သည်။

"မင်းတို့အလုပ်ထဲမှာ ဗေဒင်ဆရာတွေရှိ မဟုတ်လားကွ၊ ကြုံတုန်း ကျန်းမာရေးညွှန့်နေတာလေး မေးခဲ့စမ်းကွာ"

"ဘယ်က ဗေဒင်ဆရာရှိရမှာတုံး ဘကြီးရဲ၊ ကြံကြံဖန်ဖန်"

"နို့... ဘယ်သူက ရှေ့ဖြစ်တွေ ကြိုဟောနေသတုံး"

"ဗျာ"

ယင်းသို့ ထင်သူများ ရှိသလို အချို့ကလည်း...

"မင်းတို့ မိုးလေဝသက လူတွေ လေပူဖောင်းကြီးတွေ စီးရမှာပေါ့"

"ဂြိုဟ်တုက ပုံတွေကြည့်ပြီး ပြောတာဆိုတော့ အဲဒီဂြိုဟ်တု မင်းတို့လွှတ်တင်ထားတာလား။ ဘယ်လောက်ကုန်သတုံး"

"ဟေ့... နေပါဦးကွ၊ ငါ မရှင်းတာလေး မေးပါရစေဦး။ မင်းတို့ပြောတာ မိုးရေချိန်က နှစ်လက်မ၊ သုံးလက်မလောက်ပဲ ရွာပေမယ့် မြစ်ရေကျ ဘာလို့ ငါးပေ၊ ခြောက်ပေအထိ တက်ပစ်တာလဲဟ။ မိုးတစ်လက်မ ရွာရင် ရေဘယ်နပေတက်ရမယ်လို့ ရှိလား"

ထိုအခါမျိုးတွင် သူခေါင်းကုတ်ကာ နားလည်လွယ်အောင် မည်သို့ရှင်းပြရမည်ကို အတော်စဉ်းစားရသည်။ မိုးရေက ခြင်ခွက်ကလေးနှင့် ခြင်တွယ်တိုင်းတာတာဖြစ်ကြောင်း၊ မြစ်ရေက မိုးရေချိန်ကြောင့် မဟုတ်ဘဲ မြောက်ဘက်မှ ရေခဲတောင်များ ပြိုလျှင်လည်း ရေကြီးနိုင်ကြောင်း၊ မြစ်အောက်ပိုင်း၌ မိုးမရွာလျှင်လည်း အထက်တွင် ရွာပါက တောင်ကျရေ၊ ချောင်းရေတို့မှ စီးဝင်သဖြင့် မြစ်ရေတိုးနိုင်ကြောင်းတို့ ရှင်းပြရသည်။

ဒါတောင်...

"ဆိုတော့ မိုးများရင် ရေကြီးမှာပဲပေါ့။ မင်းတို့ စာရင်းလုပ်ထားဖို့ ကောင်းတယ်။ မိုး ဘယ်လောက်ရွာရင် ရေဘယ်လောက် တက်တယ်ဆိုပြီး မှတ်တမ်းလေး သွင်းထားတော့ နောင်နှစ်တွေ ကြည့်လို့ရတာပေါ့ဟ"ဟု အကြံပေးသွားသေးသည်။ သူရယ်လျက်သာ နေလိုက်ရ၏။ သူတို့ဌာန၌ စခန်းအသီးသီးမှ ပေးပို့လိုက်သော မိုးရေချိန်၊ မြစ်ရေ၊ လေျင် စသည်တို့ကို တိုင်းတာချက်များ နေ့စဉ်ရရှိ တွက်ချက်နေကြရသည် မဟုတ်လော။

သူသည် တွေးရင်း အဖြစ်အပျက်တစ်ခုကို အမှတ်ရလာ၏။ ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လာစဉ်က ဖြစ်သည်။ သူချစ်ရသူမှာ ပင်လယ်ကမ်းခြေရွာတစ်ရွာမှ မြို့ပေါ်သို့ အလုပ်နှင့် ရောက်နေသူတစ်ဦး။ သူက မုန်တိုင်းငယ်သည် အားကောင်းသော မုန်တိုင်းကြီး တစ်ခုဖြစ်လာရန် အလားအလာများနေသည်ကို သုံးသပ်မိသည်။

ထိုအကြောင်း သူ့ချစ်သူအား ပြောပြခဲ့မိ၏။ သူပြောတုန်းကတော့ ခပ်ပေါ့ပေါ့သဘော၊ မကြာခင် အဲဒီဘက်ကို မုန်တိုင်းဝင်လိမ့်မယ် သဲရေဆိုတာမျိုးလောက်သာ။ သို့သော် ဝင်မှာသေချာလားဟု ပြန်မေးလာသောအခါ အနည်းဆုံးတော့ အဖျားခတ်မှာပဲ။ ကမ်းခြေဒေသတွေ သတိထားဖို့လိုမယ်ဟု ပြောလိုက်သည်။

ထို့နောက် သူ့ကောင်မလေး ရွာပြန်သွား၏။ ဖုန်းဖြင့် ပြောဆိုမရသော ဖခင်ဖြစ်သူအား တားရန် သွားကြောင်း နောက်မှသိရသည်။ ကံကောင်းထောက်မသဖြင့် ငါးဖမ်းလှေ လိုက်တော့မည့် ဖခင်အား အချိန်မီဆွဲထားလိုက်နိုင်သည်။ ထို့နောက် သူတို့ရွာကို မုန်တိုင်းထိသွား၏။ အကယ်၍ မုန်တိုင်းငယ်လောက်ပဲဟု ပေါ့ဆစွာ ပင်လယ်ပြင်သို့ ထွက်ခဲ့ပါက မတွေးရဲစရာ။

မုန်တိုင်းဒဏ်ကြောင့် အိမ်အမိုးလန်သွားသော်လည်း သူ့ချစ်သူက သူ့ကိုကျေးဇူးအထူးတင်ကြောင်း ဆိုလာသည်။ သူသာ ကြိုတင်ခန့်မှန်းမိသည်ကို ထုတ်မပြောခဲ့ပါက ပင်လယ်ထဲ တစ်လကိုးသီတင်း ထွက်ရတတ်သော ဖခင်ဖြစ်သူအား ပြန်တွေ့ရန် မလွယ်ဟု ပြောရင်း သူ့ကို အားလုံးက ကျေးဇူးတင်နေကြသည်ဆို၏။

ရေလုပ်သားများမှာ မုန်တိုင်းသတင်း မကြားရသောကြောင့် လည်းကောင်း၊ ကြားသော်လည်း ပေါ့ဆသဖြင့်လည်းကောင်း အသက်ဆုံးရှုံးကြရသည်မှာ မနည်းတော့။ သူ၏ ကြိုတင်ခန့်မှန်းမှုနှင့် ချက်ချင်းသိစေမှုကြောင့် ချစ်သောသူ၏ မိသားစု အပါအဝင် ရေလုပ်သားအများ ဘေးလွတ်ကြောင်း ကြားလိုက်ရသောအခါ သူတစိမ့်စိမ့်ကျေနပ်၍ မဆုံးပြီ။

အကြောင်းတိုက်ဆိုင်တိုင်းလည်း တကူးတက ကောင်းမှုပြုရသည်မဟုတ်ဘဲ လူ့အသက်များကို ကယ်ဆယ်နိုင်သော သမ္မာအာဇီဝအလုပ်တစ်ခုကို လုပ်မိခြင်းအတွက် ဂုဏ်ယူနေမိသည်။ ငယ်ငယ်က အားကျခဲ့ရသော Super Hero ကြီးများလို အစွမ်းသတ္တိမရှိသော်ငြား သူတို့နှင့်မခြား ကိုယ့်ကိုယ်ကိုယ် အားရမိ၏။

မွန်မြတ်သောအမှုကို နေ့စဉ်ပြုနေသည်ဟူသည့် စိတ်သည် သူ၏ခြေလှမ်းများကို ပေါ့ပါးတက်ကြွစေသည်။ အဆိုပါ ခြေလှမ်းတို့မှာ ပစ္စုပ္ပန်ကောင်းကျိုးအတွက် အနာဂတ်သို့ ကြိုတင်လှမ်းလင့်သော ခြေလှမ်းများဟု ယုံကြည်လေသည်။ သူသည် နိစ္စဓူဝလုပ်ငန်းခွင်ကိုပင် ကုသိုလ်လည်းရ၊ ဝမ်းလည်းဝဟု သူ့ဘာသာ ခံယူကာ ဇလဗေဒဌာနထဲ မတ်မတ်ကြီး ဝင်သွားလေတော့သည်။ ။

# ကော့သောင်းမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ

**ကော့သောင်း ဒီဇင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၇ ရက်က ကော့သောင်းမြို့ အထက(ခွဲ)အလက (၂) ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ပြည်သူများမှန်ကန်သည့် အသိဉာဏ် ဗဟုသုတများ တိုးပွားစေရန်အတွက် စာဖတ်ကြရန်၊ စာဖတ်နိုင်သော ပတ်ဝန်းကျင်ကောင်းများ ဖန်တီးကြရန် နိုင်ငံတော်က အစဉ်အမြဲဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းပြည်၏ စွမ်းအားအရင်းအမြစ်ဖြစ်သည့် ကျောင်းသား ကျောင်းသူများက ကျောင်းစာကြည့်တိုက်များကို အသုံးချတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် ဆရာ ဆရာမများက ဆောင်ရွက်ပေးကြရန်နှင့် အားလပ်ချိန်တွင် ကျောင်းစာကြည့်တိုက်၌ စာဖတ်သည့် အလေ့အထရရှိအောင် လေ့ကျင့်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးအပ်သော အထက(ခွဲ)အလက (၂)ဘင်ခရာဝတ်စုံစရိတ် ငွေကျပ် ၃၅ သိန်းနှင့် လေ့ကျင့်ဝတ်စုံစရိတ် သုံးသိန်းလေးသောင်း စုစုပေါင်းငွေကျပ် ၃၈၄၀၀၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းအုပ်ဆရာကြီးထံ ချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၌ ကျင်းပသည့် ပြိုင်ပွဲများမှ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံယူပြီး ကျပန်းပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲတို့မှ ပထမဆုရရှိသော ကျောင်းသူများက ပြိုင်ပွဲဝင်ခေါင်းစဉ်များဖြင့် ပြန်လည်သရုပ်ပြပြီး ကျောင်းသား ကျောင်းသူများက အသိအမြင်တိုးစေဖို့ ပညာဘဏ်တိုက်သွားကြစို့ သီချင်းဖြင့် သီဆိုခဲ့ကြောင်း သိရသည်။




**ခရိုင်(ပြန်/ဆက်)**

# ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ အခမဲ့မျက်စိစမ်းသပ်ကုသ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် မရှိ၍မလင်းသူ မရှိစေရ အစီအစဉ်ဖြင့် ဒဂုံမြို့သစ်ခရိုင်အတွင်းရှိ မျက်စိလူနာများအား မျက်စိစမ်းသပ်ကုသပေးခြင်းနှင့် ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အတွင်းရှိ လူနာများအား နယ်လှည့် ကွင်းဆင်းကုသခြင်းကို ဒီဇင်ဘာ ၁၇ ရက်မှစတင်ကာ မြို့နယ် အားကစားရုံ၌ အခမဲ့စမ်းသပ် ကုသပေးသည်။



ထိုသို့ စမ်းသပ်ကုသပေးရာ နေရာသို့ ရန်ကုန်တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒဝင်း၊ ဒဂုံမြို့သစ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသူရနှင့် ကျန်းမာရေးဝန်ထမ်းများက အားပေးကြည့်ရှုကာ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**နေမျိုးအောင်**



# ကျောင်းအခြေပြု တီဘီရောဂါရှာဖွေခြင်း ဆောင်ရွက်

**သထုံ ဒီဇင်ဘာ ၁၈**

သထုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျန်းမာရေးဝန်ကြီးဌာန၏ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း ကျောင်းအခြေပြုတီဘီရောဂါ ကွင်းဆင်းရှာဖွေခြင်းလုပ်ငန်း အစီအစဉ်အရ တီဘီရောဂါစစ်ဆေးရှာဖွေဖော်ထုတ်ခြင်းကို ဒီဇင်ဘာ ၁၆ ရက်က ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းဦး ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများက သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း(လိပ်အင်း) နှင့် အခြေခံပညာမူလတန်းလွန်ကျောင်း(သုဝဏ္ဏ)တို့ရှိ ကျောင်းသား ကျောင်းသူစုစုပေါင်း ၅၀၀ ခန့်အား တီဘီရောဂါ သတိပြုကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ ရောဂါရှာဖွေစစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သာစည်မြို့နယ် အထက(ခွဲ)ရွာကြီး၌ လူငယ်စကားဝိုင်း ကျင်းပ

**သာစည် ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့်



ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဒီဇင်ဘာ ၁၆ ရက်က ရွာကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပိတောက်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးလှထွန်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့်စာရိတ္တခေါင်းစဉ်များဖြင့် ဆွေးနွေးပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြိတ်ခရိုင်၌ မီးခိုးမြူငွေ့အန္တရာယ်နှင့် လေထုညစ်ညမ်းမှုအကြောင်း အသိပညာပေးဆွေးနွေး

**မြိတ် ဒီဇင်ဘာ ၁၈**

မြိတ်ခရိုင်လူထုအခြေပြုဗဟိုဌာနခန်းမ၌ မီးခိုးမြူငွေ့အန္တရာယ်နှင့် လေထုညစ်ညမ်းမှုအကြောင်း အသိပညာပေး Talk Show ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၇ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ ပြုလုပ်သည်။

ဆွေးနွေးရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်လွင်တို့က မီးခိုးမြူငွေ့၏ အဓိပ္ပာယ်၊ ဖြစ်ပေါ်လာပုံနှင့် အမျိုးအစားများ၊ မီးခိုးမြူငွေ့များထွက်ရှိလာသည့် မူလအရင်းအမြစ်များ၊ လေထုညစ်ညမ်းမှုကို အများဆုံးဖြစ်စေသည့် ဓာတ်ငွေ့များ၊ PM 2.5 ကြောင့် သက်ရှိလူသားများ၏ ကျန်းမာရေးအပေါ်ထိခိုက်နိုင်မှုများ၊ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ ဆောင်ရွက်သင့်သည့် စသည့်နည်းလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**




# ကန်ကြီးထောင့်မြို့နယ်၌ ဌာနပိုင်ထရန်စဖော်မာများ လောင်ကျွမ်းပျက်စီးမှု မရှိစေရေး ကွင်းဆင်းဆောင်ရွက်

**ကန်ကြီးထောင့် ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ဌာနပိုင်ထရန်စဖော်မာများ လောင်ကျွမ်းပျက်စီးမှုမရှိစေရေး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၏ ကြီးကြပ်မှုဖြင့် ဒီဇင်ဘာ ၁၆ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဟိန်းဦးပိုင်နှင့် ဝန်ထမ်းများက ဌာနပိုင်ထရန်စဖော်မာများကို ကြံ့ခိုင်မှုရှိ/မရှိနှင့် မီးလောင်ကျွမ်းမှုမရှိစေရေး စစ်ဆေးခဲ့ပြီး ကန်ကြီးထောင့်မြို့နယ် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးအနေဖြင့် လျှပ်စစ်ဝန်ထမ်းများက အဆိုပါ ထရန်စဖော်မာများကို ကြံ့ခိုင်မှုရှိစေရေး အပတ်စဉ်တိုင်း ခြံဝင်းသန့်ရှင်းရေးများပြုလုပ်ခြင်းနှင့် စစ်ဆေးခြင်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ

**ဘားအံ ဒီဇင်ဘာ ၁၈**

ဒေသတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မြန်ဆန်စေရေးအတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးသည် ယနေ့နံနက်ပိုင်းက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။ (ယာပုံ)



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများသည် အခြေခံအကျဆုံးအဖွဲ့အစည်းဖြစ်ပြီး တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း အားနည်းချက် အားသာချက်များကိုပြန်လည်သုံးသပ်၍ စိတ်စေတနာထားကာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြစေလိုကြောင်း၊ မကြာမီ တက္ကသိုလ်ဝင်စာမေးပွဲများ ဖြေဆိုကြတော့မည်ဖြစ်သည့်အတွက် အောင်ချက်ကောင်းမွန်ရေး ဆောင်ရွက်ရာတွင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း၊ စားရေရိက္ခာ ဖူလုံပိုလျှံစေရန် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို တိုးတက် စိုက်ပျိုးထုတ်လုပ်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးညီညီဇော်တို့က ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လမ်း၊ တံတား၊ ရေရရှိရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ခရီးသွားဆိုင်ရာများ၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မြစ်ရေတင်ဖြင့် စိုက်ပျိုးသီးနှံများ ရေရရှိရေးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဗီဇာကြေးပေးသွင်းရာတွင် ထိုင်းသံရုံးရှိ ဗီဇာကောင်တာ၌ ငွေသားပေးသွင်းခြင်းကိုသာလက်ခံ၍ အွန်လိုင်းငွေလွှဲခြင်းများဖြစ်သော KBZpay သို့မဟုတ် ထိုင်းဘဏ်အကောင့်များဖြင့် ငွေလွှဲခိုင်းခြင်းမရှိ



ထိုင်းသံရုံးတွင် ဗီဇာကြေးပေးဆောင်ရန် တန်းစီနေသူများကို ၂၀၂၃ ခုနှစ်က တွေ့ရစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ဗီဇာကြေးပေးသွင်းရာတွင် ထိုင်းသံရုံးရှိ ဗီဇာကောင်တာ၌သာလျှင် ငွေသားပေးသွင်းသည်ကိုသာလက်ခံပြီး အွန်လိုင်းငွေလွှဲခြင်းများဖြစ်သော KBZpay သို့မဟုတ် ထိုင်းဘဏ်အကောင့်များဖြင့် ငွေလွှဲခိုင်းခြင်းမရှိကြောင်း ဒီဇင်ဘာ ၁၈ ရက်တွင် မြန်မာနိုင်ငံအခြေစိုက် ထိုင်းသံရုံးက အသိပေးထုတ်ပြန်ထားသည်။

ထို့ကြောင့် သံရုံးပြင်ပပေးသွင်းမှုများအား သံရုံးနှင့် မသက်ဆိုင်သည့်အတွက် တာဝန်ယူဖြေရှင်းမည် မဟုတ်ကြောင်း အသိပေးထားသည်။ ထိုင်းသံရုံးဗီဇာဌာနသည် ဖုန်းလိုင်းမမိခြင်း အခက်အခဲပြဿနာကြောင့် ဗီဇာဝန်ဆောင်မှုများအတွက် 09-767470765 ဖုန်းနံပါတ်အား အသုံးပြုခြင်းမရှိသည်မှာ ၃ လခန့်ကြာမြင့်နေပြီး အဆိုပါဖုန်းနံပါတ်ဖြင့် ဗီဇာနှင့် ပတ်သက်သော အချက်အလက်များနှင့် သံရုံးနှင့် ပတ်သက်သောအချက် အလက်များကို သံရုံးဝန်ထမ်းအဖြစ် ဟန်ဆောင်ပြီး မသမာသူများမှ အသုံးပြုကာ လိမ်လည်ဖြေဆိုနေကြောင်း အသိပေးထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ယင်းအပြင် Viber နံပါတ်ဖြစ်သော 09-7599 28611 ဖြင့်လည်း သံရုံးဝန်ထမ်းအဖြစ်ဟန်ဆောင်ကာ ဗီဇာနှင့်ပတ်သက်သော အချက်အလက်များကို လက်ခံဖြေကြားပေးနေသည်ကိုတွေ့ရပြီး အဆိုပါ နံပါတ်နှင့်ဖြေဆိုသူမှာလည်း သံရုံးနှင့် လုံးဝပတ်သက် ဆက်နွှယ်ခြင်းမရှိကြောင်း၊ ထို့ကြောင့် အဆိုပါဖုန်းနံပါတ်များဖြင့် သံရုံးဝန်ထမ်းဟန်ဆောင်ပြီး ဗီဇာကြေးများကို အကောင့်ထဲသို့ လွှဲထားသူမည်သူမဆို ထိုဖြစ်ရပ်အတွက် ရဲကိုအကြောင်းကြားရန် သံရုံးမှအကြံပြုထားသည်။

**MT**

# ရွှေကျင်မြို့နယ်၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး

**ရွှေကျင် ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသူအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အမှတ် (၁) အထည်စက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဦးသန်းနိုင်ဦးက အမှာစကားပြောကြားပြီး လူမှုဖူလုံရေးစီမံကိန်းအကြောင်း သိကောင်းစရာများကို အသိပညာပေး ဆွေးနွေးပေးသည်။

ဆက်လက်၍ အမှတ်(၁) အထည်စက်ရုံမှ အာမခံအလုပ်သမား ဦးကျော်မိုးအောင်၏ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးသူအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၁၂၆၉၀၀၀၀ ကို အာမခံအလုပ်သမား၏ ဇနီးဖြစ်သူ ဒေါ်ခင်ချိုမာအား အကျိုးခံစားခွင့် ထုတ်ပေးခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

**ကိုကိုမင်း (ပြန်/ဆက်)**



# မက်မန်းမြို့နယ် အေးကျန့်အုပ်စု ကွန်ဟောင်းကျေးရွာ အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

**မက်မန်း ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဝကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင် မက်မန်းမြို့နယ် အေးကျန့်အုပ်စု ကွန်ဟောင်း ကျေးရွာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းငွေကျပ်သိန်း ၁၅၀ ဖြင့် ဆောက်လုပ်သည့် အလင်းရောင် ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးသောင်းစိန်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းသန်းဌေး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုနှင့် ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါ်အဲမေတို့က အလင်းရောင် ကျေးရွာစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး ကျေးရွာစာကြည့်တိုက် ဆောက်လုပ်မှုမှတ်တမ်းကို ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးထံ ပေးအပ်သည်။ ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့မှ ကျေးရွာစာကြည့်တိုက်အတွက် သုတ/ရသစာအုပ်များကို စာကြည့်တိုက်မှူး ဒေါ်နာလောရှဲထံ ပေးအပ်လှူဒါန်းသည်။

**သိန်းသန်း(ပြန်/ဆက်)**

# မတူပီမြို့နယ် အနောက်ခြမ်းရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း သတင်းတု၊ သတင်းအမှားများဖြင့် လှုံ့ဆော်ဝါဒဖြန့်ဝေ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် အနောက်ခြမ်းရှိ မြွေပုသိမ်ကျေးရွာ၊ မြွေကူးတိုးဆိပ်ကျေးရွာ၊ ဥဒိန်ကျေးရွာ၊ ပုသိမ်ကျေးရွာနှင့် ဆင်ကုန်းကျေးရွာတို့ကို ဒီဇင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်နေသည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်




ပြည်ဖျက်မီဒီယာများက လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ မတ္တရာမြို့နယ်မှ လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှု မရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါကျေးရွာများ၏ အနီးဝန်းကျင်များတွင် PDF အမည်ခံအကြမ်းဖက်သမားများ ဝင်ရောက် လှုပ်ရှားမှုမရှိစေရေး နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိရာ ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်ခြင်းမရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် မြေပြင်ဖြစ်စဉ်များနှင့် ကွဲလွဲနေသည့် သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(မကွေး)
## (၁၉) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားအတွက် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်(မကွေး)၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း နည်းပညာ တက္ကသိုလ်(မကွေး)၏ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**အကြိုလေ့ကျင့်ခြင်း** - ၈-၂-၂၀၂၅ ရက် ( စနေနေ့) နံနက် ၉:၀၀ နာရီ

**ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၉-၂-၂၀၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀ နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ယူနိုင်သည်။

၂၀၂၄ နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော BE စာမေးပွဲအောင်မြင်ပြီးသူများ

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-

(က) **တက်ရောက်ဘွဲ့** - BE ဘွဲ့အတွက် - ၁၅၀၀၀/- (ကျပ်တစ်သောင်းငါးရာတိတိ)

( ခ ) **အဝေးရောက်ဘွဲ့** - BE / B.Arch /B.Tech ဘွဲ့အတွက် - ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်း ဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ x နှစ်လက်မ) အရွယ်ဓာတ်ပုံ(၅)ပုံ (ဓာတ်ပုံ၏ အောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်းရိုက်ကူးခြင်း မပြုရန်) နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်ပါသည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို နည်းပညာတက္ကသိုလ်(မကွေး)ရှိ သင်တန်းရေးရာဌာနတွင် **(၂၄-၁၂-၂၀၂၄)** ရက်မှစတင်ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး **(၈-၁-၂၀၂၅)**ရက် (ဗုဒ္ဓဟူး)နေ့ နောက်ဆုံးထားလျှောက်ထားရမည်။

၆။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင် တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန်ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

**မှတ်ချက်။** အသေးစိတ်အချက်အလက်ကို စုံစမ်းသိရှိလိုပါက နည်းပညာတက္ကသိုလ် (မကွေး) သင်တန်းရေးရာဌာန ဖုန်း-(၀၉-၇၉၈၂၅၆၈၀၉)တွင် စုံစမ်းနိုင်ပါသည်။

**နည်းပညာတက္ကသိုလ် (မကွေး)**

## မွေးသက္ကရာဇ်အမှန်

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ကြာအင်းရွာနေ ဦးစိုးလွင် ၏သားဖြစ်သူ မောင်ဇေယျာအောင် ၆/သရခ(နိုင်)၁၀၂၈၇၀၏ မွေးသက္ကရာဇ်အမှန်မှာ ၃၁-၁၀-၂၀၀၀ မှာ မှားယွင်းနေပါ၍ အမှန်မှာ ၃၀-၆-၂၀၀၀ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပခုက္ကူမြို့၊ အမှတ်(၁၅)ရပ်ကွက်၊ မြို့မလမ်း၊ ကွင်းအမှတ် (၆)ဆင်ပေါက်လှဇရပ်၊ မြေကွက်အမှတ် (C/၁၀၃)၊ ဧရိယာ (၀.၀၅၆)ရှိ မြေကွက်မှာ ဒေါ်ခင်ရွှေအမည်ဖြင့် လိုင်စင်အမှတ် (၂၇၀၂/၇၈.၇၉) မြေပေးမိန့်စာရွက်စာတမ်းများဖြင့် ထုတ်ပေးထားသောမြေကွက်ဖြစ်ပြီးယခုအခါအဆိုပါစာရွက်စာတမ်းများမှာ ပျောက်ဆုံးနေပါသည်။ အဆိုပါမြေကွက်ကို ဒေါ်ခင်ရွှေထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သည့် ဒေါ်ကျော့ခင်မင်းမှ (၈-၃-၂၀၁၄)ရက်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဒေါ်ကျော့ခင်မင်းအနေဖြင့် အဆိုပါမြေကွက်ကို ဂရန်အမည်ပေါက်လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ လာရောက် ကန့်ကွက်လိုသူမရှိပါက ဂရန်လျှောက်ထားမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားမှုအရ-**
**ဦးစိန်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၈၈၈)**
**ငါးကြင်းလမ်း၊ အမှတ် (၁၂)ရပ်ကွက်၊ ပခုက္ကူမြို့၊ ဖုန်း-၀၉-၉၇၄၅၈၁၁၀၆**

## မွေးသက္ကရာဇ်အမှန်

ဦးမြင့်နိုင်၏သား တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ မေတ္တာစိုးကိုယ်ပိုင်အထက်တန်းကျောင်း Grade-4မှ မောင်အောင်ကောင်းဆက်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၁၀-၂၀၁၃ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့၊ အမှတ်(၁၉)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်- (၁၉-ခ)/ရုံးကြီး၊ ဦးပိုင်အမှတ် (ဆ/၃၈)၊ ဧရိယာ(၀.၁၂၅)ကေအား ဦးအောင်နိုင်မှ ဦးပိုင်ခွဲ/အမည်ပြောင်း မြေငှားဂရန် လျှောက်ထားပါသောကြောင့် ကန့်ကွက်လိုသူများအနေဖြင့် ခိုင်မာသည့်အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍(၁၅) ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးအောင်နိုင်အား ဦးပိုင်ခွဲ/အမည်ပြောင်း မြေငှားဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၉၁၄၀၄, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်မြတ်အောင် ၆/ထဝန(နိုင်) ၀၁၁၈၅၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် တပ်ပြင်ဈေးရုံရှိ ဈေးရုံ (၂) အခန်းအမှတ်(၁၁)ရှိ ဒေါ်မိုးမိုးစောအမည်မှ ဒေါ်မြစန်း အမည်သို့ အမည်ပြောင်းလဲ လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး (ဦးမြတ်လေးပန်းခြံ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

**ဒေါ်မြစန်း**
**၆/မအရ(နိုင်)၀၃၉၅၃၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (ခ/နန္ဒဝန်(ကျူး)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (၄လမ်း၊ ၁၉)၊ ဧရိယာ(၀ဒသမ၀၅၅) ကေ ရှိ မြေကွက်အား ဒေါ်နှင်းနွယ်အမည်ဖြင့် မြေငှားစာချုပ် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**

**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(ခ/နန္ဒဝန်(ကျူး)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (၄လမ်း၊ ၂၀)၊ ဧရိယာ(၀ဒသမ၀၅၅) ကေ ရှိ မြေကွက်အား ဒေါ်နှင်းနွယ်အမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**

**မုံရွာခရိုင်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
## ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း
## စစ်ကိုင်းတိုင်းဒေသကြီး၊မုံရွာမြို့
## (တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ၊ မုံရွာမြို့တွင် (၁၀၀' x ၃၀') ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ ၊ (၄)ထပ်(ရေ၊ မီး၊ မိလ္လာ ၊ ခြင်လုံဇကာ၊သံပန်း၊ သံတံခါးများအပါအဝင်) အား ဆောင်ရွက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှူးရုံးနှင့် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၊ မုံရွာမြို့တို့တွင် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူရမည့်နေ့ရက်** - ၁၈-၁၂-၂၀၂၄ရက်

(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၃၁-၁၂-၂၀၂၄ရက် ညနေ ၄နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၊ မုံရွာမြို့

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်း သည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ် အချက်အလက်များအားသိရှိလိုပါက အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မုံရွာမြို့)၊ ဒေါနခြံရပ်ကွက်တွင် လာရောက်စုံစမ်းနိုင်ပြီး (ရုံးဖုန်း-၀၇၁-၂၁၂၃၄၊ ၀၇၁-၂၆၂၄၈၊ ၀၉-၄၂၀၇၀၁၅၈၉၊ ၀၉-၄၀၂၉၈၁၃၁၁)သို့လည်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးမြင့်နိုင်၏သမီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ကျောက်ချက်အုပ်စု၊ ထိန်ပင်ရွာနေ မသူဇာနိုင် ၉/ဇယသ(နိုင်)၀၀၄၇၀၆၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၈၂၆၆၁၀၅၅**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ပုဂံကျေးရွာနေ ဦးကြည်စိုး ၇/ဝမန(နိုင်)၀၂၂၅၉၅၏ ဖခင်အမည် ဦးအုံးမြင့်နှင့် ဦးအုန်းမြင့်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့၊ ရွှေဉာဏ်ရှင် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 မှ မဖွေးဖွေးဦး၏ ဖခင်အမည်မှန်မှာ နိုင်ငံသားကတ်အရ ဦးကိုကိုလေး ၈/ရနခ(နိုင်)၁၁၅၃၇၈ ဖြစ်ပါကြောင်း။

**ဦးကိုကိုလေး**

## မွေးသက္ကရာဇ်အမှန်

မြစ်သားမြို့နယ်၊ မြို့နယ်ပညာရေးမှူးရုံး လက်ထောက်ကြီးကြပ်ရေးမှူး ဦးဆန်းဝင်း ၉/မသန (နိုင်) ၀၄၃၀၇၃၏ မွေးသက္ကရာဇ်အမှန်မှာ (၉-၄-၁၉၆၈) ဖြစ်ပါကြောင်း။

**ဦးဆန်းဝင်း**
**၉/မသန(နိုင်)၀၄၃၀၇၃**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## အင်းစိန်မြို့နယ်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၇

ဒုအရာခံဗိုလ် မင်းမင်းစိုး **(တရားလို)** **နှင့်** ဒေါ်ဖြိုးဝေလွင် **(တရားပြိုင်)**

မန္တလေးတိုင်းဒေသကြီး၊ ပျဉ်းမနားမြို့နယ်၊ တပ်မိုးရပ်၊ မြို့ပတ်လမ်း၊ အမှတ်(၃/၁၇၈)နေ ဒေါ်ဖြိုးဝေလွင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒုအရာခံဗိုလ် မင်းမင်းစိုးက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲ ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ဒီဇင်ဘာလ ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းသဇင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**အင်းစိန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ကေတုမာလာရိပ်သာ၊ ၄- ရပ်ကွက်၊ အရှေ့(၃) လမ်း၊ တိုက်အမှတ်-၉၃/ခ၊ (၁)ခန်းတွဲ (၆)ထပ်တိုက်၏ တတိယထပ်၊ (၄-လွှာ အခန်း)၊ အကျယ်(၁၈ ပေ x ၅၄ ပေ) ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းဌေး (၁၂/ဥကတ (နိုင်) ၀၈၀၄၅၉) အမှတ်(ပ/၅၀)၊ ပြည်ထောင်စုလမ်း၊ ၃၈ ရပ်ကွက်၊ ဒဂုံမြောက်ပိုင်းမြို့နယ်နေသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးငြိမ်းချမ်းဝင်းက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပြီး ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ် ကိစ္စကိုပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇင်ဝင်း (LL.B, D.B.L)**
**(တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၁၃၀၈၈)**
**အမှတ်-၁၂၀၈၊ မဏိစန္ဒာလမ်း၊ ၆၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊**
**ဖုန်း-၀၉-၄၂၁၁၄၈၈၃၊ ၀၉-၉၆၃၁၂၂၅၆၅**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ ပေါင်မြို့နယ်နေသူ မော်လမြိုင်တက္ကသိုလ်၊ ဒုတိယနှစ်ဓာတုဗေဒ သင်ကြားနေသော မခင်သီတာပြုံး၏ ဖခင်ဦးတင်သိန်းနှင့် ဦးကနေဆာမှာ တစ်ဦးတည်းဖြစ်ပါကြောင်း၊ မိခင် ဒေါ်စန္ဒာအေး နှင့် ဒေါ်မီနာမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးတင်သိန်း(ခ)ဦးကနေဆာ၊ ဒေါ်စန္ဒာအေး(ခ)ဒေါ်မီနာ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် -၅ ၊ နည်းဥပဒေ - ၂၀)
## ရမည်းသင်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီး မှုအမှတ် - ၅၈

ကိုစိုင်းစွမ်းပြည့် **(တရားလို)** **နှင့်** ကိုစိုင်းနေထွန်း **(တရားပြိုင်)**

ကိုစိုင်းနေထွန်း (ဘ) ဦးမျိုးမြင့်၊ ဆံပင်ရောင်းဝယ်ရေး၊ BalaXY KTV အနီး၊ စုံလာခြံ၊ အမှတ် (၈)ရပ်ကွက်၊ ကျောက်မဲမြို့ ၊ ရှမ်းပြည်နယ်မြောက်ပိုင်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားပြိုင်၏ပြုလုပ်မှုကြောင့် တရားလိုသည် အိန္ဒိယနိုင်ငံတွင် ရက်ပေါင်း(၃၀)ကျော်ကြာချုပ်နှောင်၍ ရိုက်နှက်ညှင်းပမ်းနှိပ်စက်ခံရသောကြောင့် နစ်နာမှုအတွက် နစ်နာကြေးငွေ (၅၀၀၀၀၀၀၀၀/-) (ကျပ်သိန်းငါးထောင်တိတိ/-)နှင့် အိန္ဒိယနိုင်ငံသားအားပေးလျော်ရသည့်ငွေ (၁၃၀၀၀၀၀၀/-) (ကျပ်သိန်းထောင့်သုံးရာတိတိ/-)၊ စုစုပေါင်း (၆၃၀၀၀၀၀၀/-) (ကျပ်သိန်း ခြောက်ထောင့်သုံးရာတိတိ/-) ရလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှု နှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် ( ၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် (၅) ရက် မွန်းမတည့်မီ(၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ. တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုနန္ဒာစိုး)**
**ဒုတိယခရိုင်တရားသူကြီး**
**ရမည်းသင်းခရိုင်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ရေတံခွန်လမ်း၊ အမှတ်(၂၅၂)နေ ဒေါ်သက်စုအောင် ၁၄/ အဂပ (နိုင်) ၂၃၄၃၂၀၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ကွင်းအမှတ်(၃၀၂-A)၊ ကွင်းအမည် - ရခိုင်ရိုးရွာမကွင်း၊ ရခိုင်ရိုးကြီးကျေးရွာ၊ ပေါ်ဦး(၄)လမ်း၊ အမှတ်(၁၄၅)ဟုခေါ် တွင်သော ဧရိယာအကျယ်ဝန်း(၂၀ပေ x ၆၀ပေ)ရှိသော မြေ၊ အဆောက်အအုံနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုဝန်ခံပြောဆိုသူ ဒေါ်နုနု ၁၂/လမန(နိုင်) ဝ၃၈၄၁၄ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက (၁၁-၁၂-၂၀၂၄)ရက်တွင် အပြီးပိုင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သက်စုအောင် ၁၄/အဂပ(နိုင်)၂၃၄၃၂၀၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လဲ့လဲ့ကြည်(LL.B)** **ဒေါ်သဉ္ဇာဝင်း(LL.B,DBL)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၅၂)** **အထက်တန်းရှေ့နေ(စဉ်-၄၆၃၅၆)**

**အမှတ်(၃၉)၊ မာန်ပြေ(၆)လမ်းအရှေ့၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၆၈၁၄၄၈၉၊ ၀၉-၄၂၁၆၅၉၉၂၄၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၃၃၁၇၆, Honda Wave -100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထွေး ၆/ထဝန(နိုင်) ၀၈၇၁၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၆၂၈၃၈, Honda Dream MD-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းမိုး ၆/ထဝန(နိုင်)၁၂၄၇၃၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/6123, Honda Wave -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဌေး ၆/လလန(နိုင်) ၁၀၈၄၁၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/5928, Mitisubishi Center ,Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်မြင့် ၇/အတန(နိုင်) ၀၆၅၃၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး) ရန်ကုန်မြို့**

## သင်တန်းသားခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရှိ ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံနှင့် ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းများ၌ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၁) ရက်နေ့တွင် ဖွင့်လှစ်မည့် အောက်ပါသင်တန်းများသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | သင်တန်းကျောင်း | သင်တန်းအမည် | လက်ခံမည့် သင်တန်းသား ဦးရေ |
|---|---|---|---|
| ၁။ | ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ | (က) ချည်မျှင်နှင့် အထည်အလိပ် ဒီပလိုမာ(၁)နှစ်သင်တန်း | ၂၅ ဦး |
| | | (ခ) ချည်မျှင်နှင့် အထည်အလိပ် ကျွမ်းကျင်သူ (၁)နှစ်သင်တန်း | ၂၀ ဦး |
| | | (ဂ) လက်ရက်ကန်း (၆)လသင်တန်း | ၁၀ ဦး |
| | | (ဃ) ရိုးရာလွန်းရာကျအချိတ် (၆)လသင်တန်း | ၅ ဦး |
| | | (င) ရွှေချည်ထိုး၊ ငွေချည်ထိုး (၃)လသင်တန်း | ၅ ဦး |
| ၂။ | ရက်ကန်းနှင့်အသက်မွေး ပညာသင်တန်းကျောင်း (ဖလမ်း၊ မုံရွာ၊ ရွှေတောင်၊ ပခုက္ကူ၊ မိတ္ထီလာ၊ မုဒုံ၊ စစ်တွေ၊ တောင်ကြီး၊ မြစ်ကြီးနား၊ ဘားအံ၊ လှိုင်ကော်၊ ကျောက်မဲ၊ မင်းတပ်) | (က) ချည်မျှင်နှင့် အထည်အလိပ် ကျွမ်းကျင်သူ (၁)နှစ်သင်တန်း | ၂၀ ဦး |
| | | (ခ) လက်ရက်ကန်း (၆)လသင်တန်း | ၁၀ ဦး |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။အမှတ်စဉ်(၁)(က) သင်တန်းအတွက် အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။

အမှတ်စဉ်(၁)(ခ)နှင့် (၂)(က) သင်တန်းများအတွက် အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူ(သို့မဟုတ်) G-9 အောင်မြင်ပြီးသူဖြစ်ရမည်။ အမှတ်စဉ်(၁)(ဂ၊ ဃ၊ င)နှင့် (၂)(ခ)သင်တန်းများအတွက် အခြေခံပညာမူလတန်းအောင်မြင်ပြီးသူ (သို့မဟုတ်) G-5 အောင်မြင်ပြီးသူဖြစ်ရမည်။

(ခ) သင်တန်းအားလုံးအတွက် ၁-၁-၂၀၂၅ ရက်နေ့တွင် အသက်(၁၆) နှစ်ပြည့်ပြီး (၂၅)နှစ် ထက်မကျော်လွန်သူဖြစ်ရမည်။

(ဂ) ချည်မျှင်နှင့်အထည်အလိပ်ဒီပလိုမာ(၁)နှစ်သင်တန်း၊ ချည်မျှင်နှင့် အထည်အလိပ် ကျွမ်းကျင်သူ(၁)နှစ်သင်တန်းနှင့် လက်ရက်ကန်း(၆) လသင်တန်းအတွက် အရပ်အမြင့် (ကျား) ၅ ပေ ၁ လက်မ၊ (မ) ၄ ပေ ၁၁ လက်မ ရှိရမည်။ (ရက်ကန်းပညာရပ်ကို အမှန်တကယ်စိတ်ပါဝင်စားပြီး ပြန်လည်အသက်မွေးဝမ်းကျောင်းပြုမည့်သူများအား သတ်မှတ်အရပ်အမြင့်ရှိပါက အသက်ကန့်သတ်ချက် လျှော့ပေါ့၍ လက်ခံသွားမည် ဖြစ်သည်)

၃။ သင်တန်းတက်ရောက်ခြင်းဖြင့်ရရှိနိုင်သော အခွင့်အလမ်းများမှာ-

(က) သင်တန်းတက်ရောက်လာသူများအား တစ်ဦးလျှင်ပညာသင်ထောက်ပံ့ကြေး လစဉ် ကျပ် ၃၀၀၀၀/-ချီးမြှင့်ခြင်း၊

(ခ) အိမ်ထောင်မရှိသူများကို အဆောင်အခမဲ့နေထိုင်ခွင့်ပြုခြင်း၊

(ဂ) ရေ၊ မီး အခမဲ့သုံးစွဲခွင့်ရရှိခြင်း၊

(ဃ) စားရိပ်သာကော်မတီမှ ကျောင်းသား/သူများ၏ စားသောက်ရေးစီစဉ်ဆောင်ရွက်ပေးခြင်း၊

(င) သင်ကြားမှုအထောက်အကူဖြစ်စေရန် ကျောင်းဝန်းအတွင်း Fiber Internet (Free) အသုံးပြုခွင့်ရရှိခြင်း၊

(စ) အိမ်ထောင်သည်များမိမိအစီအစဉ်ဖြင့်နေထိုင်တက်ရောက်နိုင်ခြင်း၊

(ဆ) သင်တန်းပြီးဆုံး၍ သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသူဖြစ်ပါက ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများ၌ နည်းပြများအဖြစ် အလုပ်အကိုင် ရရှိနိုင်ခြင်း

၄။ လျှောက်ထားလိုသူများသည် အောက်ဖော်ပြပါနေရာများတွင် စုံစမ်းလျှောက်ထားနိုင်ပါ သည်-

(က) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရုံးချုပ်၊ ရုံးအမှတ်(၁၆)၊ နေပြည်တော် ဖုန်း ၀၆၇-၄၁၀၂၇၃၊ ၀၆၇-၄၁၀၂၄၀

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးများ(ကချင်၊ ကယား၊ ကရင်၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ မွန်၊ ရန်ကုန်၊ ရခိုင်၊ ရှမ်း၊ ဧရာဝတီ၊ နေပြည်တော်ကောင်စီနှင့်သက်ဆိုင်ရာကျောင်းများ)

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ရွှေနံ့သာအရှေ့ရပ်၊ မြေဧရိယာ (၀.၀၈၂)ဧက၊ မြေကွက်အမှတ် (ဥ-၁၄၀၄)၊ ဒေါ်သန်းသန်းထူး (ဘ)ဦးကျော်ဆန်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်သန်းသန်းထူး ၉/မတရ(နိုင်)၁၃၉၉၉၇ (ဘ)ဦးကျော်ဆန်းမှ ဒေါ်ဝသုန်စိုးဝင်း ၇/မလန(နိုင်)၀၆၇၁၁၂ (ဘ)ဦးစိုးဝင်း အမည်ဖြင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီဂရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရွှေပြည်တော် ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇/သာဇီအရှေ့၊ ဦးပိုင်အမှတ်(၁၈ဈ/၁၊ ၁၈ဆ/၁)၊ ဧရိယာ(၀.၄၆၄)ဧကရှိ ဦးအောင်သန်း(ပါ )၂-ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်တင်တင်ဦး ၉/ပမန (နိုင်)၀၀၇၃၉၉မှ ပိုင်ဆိုင်မှုအမည်ပြောင်းလဲခွင့်ပြုမိန့်၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၅၂/၂၀၀၆)၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၃၆၁/၂၀၂၄)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ (၀.၁၄၆)ဧက၊ မြေကွက်အမှတ် (ဥ-၆၄၄၅)၊ ဒေါ်ယုယုဇင် (ဘ)ဦးမြတ်ဇင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ယုယုဇင် ၁၂/ကမတ(နိုင်)၀၁၄၅၃၉ (ဘ)ဦးမြတ်ဇင်မှ ဒေါ်ငယ်ငယ်ငြိမ်း ၈/မဘန(နိုင်)၀၆၀၇၆၄ (ဘ)ဦးဌေးမြင့် အမည်ဖြင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီဂရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အင်္ဂလိပ်ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် CC/4544 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 31W/85521, Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်စိုး ၅/ကနန(နိုင်) ၀၂၀၀၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၉၆၂၂၂, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေနှင်းစိုး ၁၀/ဘလန (နိုင်) ၁၂၈၄၂၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/68674, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/99946, Kenbo 110 M/Cယာဉ်လက်ဝယ်ရှိသူ Aung Kanbo Industrial Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MON/7412 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဦး ၁၀/မလမ(နိုင်) ၂၁၆၉၇၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၅၀၄၅၉ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဗိုလ်ဦး ၁၀/မလမ(နိုင်) ၁၅၆၁၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## မွေးသက္ကရာဇ်အမှန် မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ မင်းသာရွာနေ မသက်မွန်စံ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၆-၂၀၀၉ ဖြစ်ပြီး ၎င်း၏မိခင် ဒေါ်ငွေငွေဝင်း၏ အမည်မှန်မှာ ဒေါ်ခင်ငွေဝင်း ၅/တမန(နိုင်)၀၃၆၂၂၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အင်းတော်မြို့၊ ဂျုံးဂျုံးကျေးရွာမှ မမေနွယ်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့် ၅/အတန(နိုင်) ၀၃၁၈၁၅ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

(ဘ) ဦးဇော်နိုင်၏၏သား ကျွန်တော် မောင်ဟိန်းမင်းဇော် ၁၂/ကတန(နိုင်) ၀၈၃၁၇၉၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၂၅၂၂၆၆

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၂၃)၊ လူနေရပ်ကွက်အမှတ် ၅/၈၊ သစ်ခွလမ်း၊ အမှတ်(၃၈၀/က)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ ဦးကြည်မြင့် အမည်ပေါက်နှစ်(၆၀) ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံနှင့် ရေမီးအစုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင် လက်ဝယ်ထား ပိုင်ဆိုင်ကာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးကြည်မြင့် ၁၂/ဒဂန(နိုင်) ၀၁၄၁၉၄မှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ် ဒေါ်စန္ဒာရီ ၁၂/ အလန(နိုင်) ၀၂၄၈၉၀မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်မှအရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေငြာအပ်ပါသည်။

**ဒေါ်စန္ဒာရီ**
**တိုက်(၂၀၃/A)၊ လှိုင်မြစ်လမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း -၀၉- ၇၉၅၅၅၅၅၂၀၊ ၀၉-၄၂၀၀၈၄၂၄၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၂၉)တွင် တည်ထောင်ဖွင့်လှစ်ထားသော Red Roof Investment Development Company Limited (ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၁၅၂၁၁၄၃၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)အရ တရားဝင်တည်ထောင်ဖွင့်လှစ်ထားပြီး အဆင့်မြင့်ကွန်ဒိုမီနီယံလူနေတိုက်ခန်းများ တည်ဆောက်ပြီး ဈေးကွက်တွင် ပြန်လည်ရောင်းချသည့် (Developer) လုပ်ငန်းလုပ်ကိုင်ဆောက်ရွက်လျက်ရှိသည့် ကုမ္ပဏီဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏ ကောင်းသောဂုဏ်သတင်းများဖြင့် လုပ်ကိုင်လျက်ရှိရာ ယခုချိန်တွင် ကုမ္ပဏီ၏ အမည်အမှတ်အသားအား တရားမဝင်အသုံးပြု၍ ကုမ္ပဏီအပေါ်ဂုဏ်သိက္ခာနှင့် အခွင့်အရေးအား မေးမှိန်ပျက်စီး ထိခိုက်နစ်နာစေရန် လူမှုကွန်ရက်စာမျက်နှာ(အထူးသဖြင့် Facebook)နှင့် အခြားဆက်သွယ်ရေးကွန်ယက်များကို အသုံးပြုပြီး ရည်ရွယ်ချက်ရှိရှိဖြင့် မဟုတ်မမှန်လုံ့ဆော်ရေးသားဖော်ပြလျက်ရှိသည်ကို တွေ့ရှိရပါသည်။

## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀ ၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅၃

| | | |
|---|---|---|
| ၁။ ဦးစိုးခိုင် | နှင့် | ဦးမြင့်သန်း |
| ၂။ ဒေါ်သန္တာဌေး | | (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးထွန်းနိုင်ဦး) |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(နန-၆)၊ (ဇ)ရပ်နေ ဦးမြင့်သန်း (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဦးထွန်းနိုင်ဦး)(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးမြင့်သန်း (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဦးထွန်းနိုင်ဦး) သင့်အပေါ်၌ တရားလို ၁။ ဦးစိုးခိုင်၊ ၂။ ဒေါ်သန္တာဌေးတို့က မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၆)၊ ဦးပိုင် အမှတ်(၂၅)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၏ အကျယ်အဝန်းရှိ ဦးမြင့်သန်း အမည်ပေါက်ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်ပြာဆင့်)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ကမ္ဘာအေးဗီလာ၊ E-1 တွင်နေထိုင်သော ဒေါက်တာဝင်းကျော် ၁၂/ကမတ(နိုင်)၀၄၆၄၁၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ကံဘဲ့ကျေးရွာအုပ်စု၊ ခပင်းကွင်း၊ ကွင်းအမှတ်-၁၁၂၊ ဦးပိုင်အမှတ်-၅၀/၄၀၊ ဧရိယာ ၀ ဒသမ ၀၅ အကျယ်အဝန်းရှိသော လယ်မြေအား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးခင်မောင်ဝင်း ၈/မထန(နိုင်)၀၈၀၆၇၇ က အဆိုပါလယ်မြေအား မိမိ တစ်ဦးတည်းသာ ပိုင်ဆိုင်ပြီး အခြားသူသို့ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း မရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းပြီး ရောင်းချပိုင်ခွင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံပြီး အပြီးအပိုင်ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-ဇ၇၄၂)**
**အမှတ်-၅၉၉၊ ရေဝလမ်းမကြီး၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၃၁၄၂၉၈၅၊ ၀၉-၄၅၀၀၀၂၃၇၁**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော် ဦးစန္ဒောဘာသ
## သက်တော်(၉၇)နှစ်၊ သိက္ခာတော်(၃၃)ဝါ

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ စဉ့်ကိုင်ရွာနေ (ခမည်းတော် ဦးသက်နှင်း- မယ်တော် ဒေါ်ညို)တို့၏သား၊ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံမြို့နယ်၊မင်္ဂလာမဟာစည်ရိပ်သာကျောင်းတိုက် ဆရာတော် ဦးဝါသဝ ၏အဘိုးသည် (၁၃၈၆ခုနှစ်၊ နတ်တော်လဆုတ် ၃ ရက်) ၁၈-၁၂-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် (၆)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၀-၁၂-၂၀၂၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် သာခုကီဠနအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

(ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

၂၂-၁၂-၂၀၂၄ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မင်္ဂလာမဟာစည်ရိပ်သာ ကျောင်းတိုက်သို့ ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူ ဒါယကာ၊ ဒါယိကာမများ**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/ အမည် | ဦးပိုင် အမှတ် | ဧရိယာ (ဧက) | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁။ | ဒေါ်သင်းသင်းလင်း | ပုသိမ် | အမှတ်(၁၃) | ၅၂/ကင်မလင်းကျွန်း | အိုင်-၃၉ | ၀.၀၈၃ | အမည်ပြောင်း |
| ၂။ | ဦးသန်းဝင်းထွန်း၊ ဦးမျိုးဦး | ပုသိမ် | အမှတ်(၁၃) | ၅၂/စီးပွားဇုန် | ဒီ-၆ | ၀.၀၅၅ | အမည်ပြောင်း |
| ၃။ | ဦးကျော်ဇောလင်း၊ ဒေါ်ကြည်ကြည်ဝင်း | ပုသိမ် | အမှတ်(၃) | ၃၂/ကိုးသိန်းမြောက် | ၁၆/၆ | ၀.၀၃၅ | သက်တမ်းတိုး |
| ၄။ | ဦးကျော်မင်းသန့် | ပုသိမ် | အမှတ်(၅) | ၆၇/ထောင်ကုန်း | ၇၅-ခ | ၀.၀၇၆ | အမည်ပြောင်း |
| ၅။ | ဦးညာဏ်ဝင်း | ပုသိမ် | အမှတ်(၃) | ၄၃/တံတားကြီးတန်း | ၆၀-ခ | ၀.၀၃၉ | အမည်ပြောင်း/တိုး |
| ၆။ | ဒေါ်ခိုင်ခိုင်ဝင်း | ပုသိမ် | အမှတ်(၂) | ၃၀/ကံသုံးဆင့်အနောက် | ၉၀/၁၂၁ | ၀.၁၀ | အမည်ပြောင်း/တိုး |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ပျောက်ဆုံးကြောင်း

ဘုတလင်မြို့နယ်၊ မြဝတီ ရပ်ကွက်နေ ဦးသိန်းအောင် ၏သား မောင်သိန်းမြင့်ထွန်း ၅/ဘတလ(နိုင်)၁၁၄၀၈၈ ၏ နိုင်ငံကူးလက်မှတ် MC-003491 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၄၆၅၀၃၁၇

## တစ်ဦးတည်းဖြစ်ကြောင်း

ရမည်းသင်းမြို့နယ်၊ ဥသျှစ်ကုန်းကျေးရွာအုပ်စု၊ ကင်မွန်းခြံကျေးရွာနေ မောင်သူရိန်ဝင်း ၉/ရမသ (နိုင်)၂၆၄၆၆၁၏ ဖခင် ဦးကျော်စိုးဝင်း (ခ) ဦးကျော်စိုးမိုး ၈/ပခက(နိုင်) ၁၉၁၃၄၄မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးကျော်စိုးဝင်း (ခ) ဦးကျော်စိုးမိုး

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်း တက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် နေ့သင်တန်း ရက္ခဗေဒ ၄-ရခ-၆ မှ မသန်းစုဌေး ၈/စလန(နိုင်)၁၈၈၃၇၆ ၏ ဖခင် ဦးဘုတ်မွှေး ၏ အမည်မှန်မှာ ဦးထွန်းလင်းနိုင် ၈/စလန(နိုင်)၀၂၇၂၈၁ ဖြစ်ပါကြောင်း။

**ဦးထွန်းလင်းနိုင်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး(တောင်)ရပ်ကွက်၊ မြေကွက်အမှတ်(၂၉၇)ပေါ်တွင် ဆောက်လုပ်ထားသော ခြောက်ထပ်တိုက်မှ အမှတ်(၂၉၇)၊ ပထမထပ်၊ အောင်မာဃလမ်း၊ ကြီးပွားရေး(တောင်)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ဟု ခေါ်တွင်သောရေမီးစုံတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မြေရှင်/ကန်ထရိုက်တာမှ ၎င်းကိုယ်တိုင်ဆောက်လုပ်ပိုင်ဆိုင်လက်ရှိထား၍ ပိုင်ဆိုင်မှုအရှုပ်အရှင်း ကင်းရှင်းပြီး တရားဝင် ပိုင်ဆိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုရောင်းချသူ ဦးကျော်စွာဝင်း (၁၂/ဥကတ(နိုင်)၂၁၇၅၃၄)ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (၁၄-၁၂-၂၀၂၄)ရက်စွဲပါ "တိုက်ခန်းအရောင်းအဝယ်စရန်ပေးကတိစာချုပ်ဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ယနေ့ကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ဆက်သွယ်ကန့် ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူသွယ်ယု(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၀၂)**
**အမှတ် (၁၃/၁၅)၊ ဒုတိယထပ်၊ ဗဟန်း(၃)လမ်း၊ မြို့မရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၇၅၆၈၁၁၇၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့၊ ဇော်ဂျီရပ်ကွက်နေ ဦးမြအုန်း ၁၃/ရစန(နိုင်) ၀၃၇၃၁၆ ၏လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာ အပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးမြအုန်းနှင့် ဒေါ်အေးအေးမာတို့၏သား မောင်မင်းမင်းဦး (ခ)မောင်ဖုန်းမြင့် ၁၃/ရစန(နိုင်)၀၇၃၃၂၀ သည် အုပ်ထိန်းသူမိဘတို့၏ ဆိုဆုံးမမှုများကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ၎င်းအားယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**ဦးမြအုန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းသဇင်ချို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၉၈)**
**အမှတ်(၁၅၄)၊ နယ်မြေ(၃)၊ ဇော်ဂျီရပ်ကွက်၊ ရပ်စောက်မြို့**
**ဖုန်း-၀၉-၄၂၈၃၄၈၈၀၆**

## ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 2N/9999 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၃၃၄၈၇ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Thiri Tay Za Min Co., Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/67014 Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းလတ် ၁၄/ညတန(နိုင်) ၁၈၃၇၇၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**
**(မအူပင်)**

## သွေးသည် အသက်

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ အထက ကြို့ကုန်း G-10 နေ မောင်ကောင်းဆက်ပိုင်နှင့် ရှမ်းရွာ ဘကနေ မယုသန္တာမွန်တို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းလှိုင် ၉/ပဘန(နိုင်)၁၆၀၅၃၁ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/16143, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေဦး ၁၄/ပပတ(နိုင်)၂၄၄၃၅၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/28018, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာလင်း ၁၄/ပသန(နိုင်)၂၁၆၈၁၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီး ဇေယျကျော်ထင် သီရိပျံချီ ခင်မောင်ကြီး (ငြိမ်း)
## ကုန်သွယ်ရေးဝန်ကြီး(ငြိမ်း)
## အသက်(၉၄)နှစ်

ဦးရဲညွှန့် ညွှန်ကြားရေးမှူးချုပ်၊ ပင်စင်ဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန- ဒေါက်တာဆင်းသိင်္ဂီတို့၏ ဖခင်ကြီး ဗိုလ်မှူးကြီး ဇေယျကျော်ထင် သီရိပျံချီ ခင်မောင်ကြီး (ငြိမ်း) သည် ၁၈-၁၂-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၀၆:၄၅)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွှန့်
## အသက်(၇၇)နှစ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သီရိပျံချီ ဦးကိုကို၏ ဇနီးဖြစ်သူ ဒေါ်တင်တင်ညွှန့် အသက်(၇၇)နှစ်သည် ၁၈-၁၂-၂၀၂၄ရက် နံနက် ၀၂:၀၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွှန့်
## အသက်(၇၇)နှစ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သီရိပျံချီ ဦးကိုကို၏ ဇနီးဖြစ်သူ ဒေါ်တင်တင်ညွှန့် အသက်(၇၇)နှစ်သည် ၁၈-၁၂-၂၀၂၄ရက် နံနက် ၀၂:၀၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်နှင့်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး/ရွေးကောက်ပွဲကော်မရှင်**
**အဖွဲ့ခွဲရုံးများမှ အရာထမ်း၊ အမှုထမ်းမိသားစုများ**

## သီရိပျံချီ ဇေယျကျော်ထင် ဦးခင်မောင်ကြီး
## ဗိုလ်မှူးကြီး (ငြိမ်း)
## ကုန်သွယ်ရေးဝန်ကြီး (ငြိမ်း)
## (ဒိုက်ဦးမြို့)
## အသက် (၉၄)နှစ်

ဒိုက်ဦးမြို့၊ မင်းလမ်းနေ (ကျောင်းဆရာကြီး ဦးပု-ဒေါ်မြသွေး)တို့၏သားကြီး၊ (ဦးမောင်ကို-ဒေါ်ကျင်မြိုင်) တို့၏ သားသမက်၊ (ဒေါ်အေးကြည်)၊ (ဒေါ်စန်းမြင့်)၊ (ဦးမြင့်သိန်း) တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ် (၃)၊ အင်ကြင်းလမ်း၊ ငွေကြာရံရိပ်သာနေ ဒေါ်ခင်ခင်ထွန်း (ညွှန်ကြားရေးမှူး-ငြိမ်း)၊ အမျိုးသားမှတ်တမ်းများ၊ မော်ကွန်းတိုက်ဦးစီးဌာန NAD)၏ ချစ်လှစွာသောခင်ပွန်း၊ Dr ကြီးဘုန်းမို-Dr ခင်ချိုဦး(U.S.A)၊ ဦးရဲညွှန့် (ညွှန်ကြားရေးမှူးချုပ်) ပင်စင်ဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန) - Dr ဆင်းသိင်္ဂီ [(တွဲဖက်ပါမောက္ခ၊ အဏုဇီဝဗေဒဌာန၊ ဆေးတက္ကသိုလ် -(၁)]၊ ဦးကြီးဇေယျ (ဒုတိယအင်ဂျင်နီယာချုပ်၊လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)-Drနှင်းဝတ်ရည်အေး(ကလေးအထူးကုဆရာဝန်ကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး)တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မြေး (၆)ယောက်တို့၏ အဘိုးဖြစ်သူသည် ၁၈-၁၂-၂၀၂၄ရက် နံနက် (၆:၄၆) နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီးဖြစ်ပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

(ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၂၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာအား အထက်ပါနေအိမ်သို့ ကြွရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်ကြီး-ဝန်ကြီး(ငြိမ်း)
## ကုန်သွယ်ရေးဝန်ကြီးဌာန
## အသက် (၉၄)နှစ်

ဆေးတက္ကသိုလ် (၁)၊ အဏုဇီဝဗေဒဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာဆင်းသိင်္ဂီ၏ ဖခင် ဦးခင်မောင်ကြီး ဝန်ကြီး (ငြိမ်း)သည် ၁၈-၁၂-၂၀၂၄ရက် နံနက် (၆:၄၆) နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာ မွန်မွန် (ပါမောက္ခ/ဌာနမှူး)**
**နှင့် ဆရာ/ဆရာမများ၊ ဝန်ထမ်းများ**
**အဏုဇီဝဗေဒဌာန**
**ဆေးတက္ကသိုလ် (၁) ရန်ကုန်**

## အများသိစေရန် ကြေညာခြင်း

ကျွန်တော် ဦးအေးမင်းဝင်း(ဘ)ဦးကြည်ဝင်း ၁၄/ပသန(နိုင်)၂၉၂၀၀၂နှင့် ဒေါ်မာမာဦး(ဘ)ဦးတက်မောင် ၅/တဆန(နိုင်) ၀၉၉၄၀၀တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း တိုက်ဆိုင်မှု မရှိတော့ပါသဖြင့် (၂၆-၁၁-၂၀၂၄) ရက်စွဲပါ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်တွင် လက်မှတ်ရေးထိုးကွာရှင်းပြီးဖြစ်၍ နောက်နောင် တစ်ဦးနှင့်တစ်ဦး မည်သည့်ကိစ္စမဆို ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးမင်းဝင်း**
**၁၄/ပသန(နိုင်)၂၉၂၀၀၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ (၀.၁၄၆)ဧက၊ မြေကွက်အမှတ် (ဥ-၆၄၈၈)၊ ဒေါ်နှင်းရည်ကျော် (ဘ)ဦးကျော်ဇေယျ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်နှင်းရည်ကျော် ၉/ဝတန(နိုင်)၁၂၁၁၁၂ (ဘ)ဦးကျော်ဇေယျမှ ဒေါ်မေသူကျော် ၁၂/ဥကတ(နိုင်)၁၆၁၇၃၈ (ဘ)ဦးဝင်းမော် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီဂရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွှန့်
## အသက် (၇၇)နှစ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သီရိပျံချီ ဦးကိုကို၏ဇနီးဖြစ်သူ ဒေါ်တင်တင်ညွှန့် အသက် (၇၇) နှစ်သည် ၁၈-၁၂-၂၀၂၄ရက် နံနက် ၀၂:၀၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် တပ်မတော်ဆေးရုံကြီး (ခုတင် - ၁၀၀၀)၊ နေပြည်တော်တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးနှင့်**
**ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ**
**အရာထမ်း၊ အမှုထမ်းများ၊ မိသားစုများ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၃/၃၃၊ နန္ဒဝန်(စက်မှုဇုန်))၊ ဦးပိုင်အမှတ် (၄ဝါလမ်း-၃၂)၊ ဧရိယာ(၀.၁၁၀)ဧကရှိမြေအား မြို့မြေအမှုတွဲအမှတ် ၃၀၀၇/၁၉၉၄-၁၉၉၅ အရ (၆-၆-၁၉၉၄)မှ (၅-၆-၂၀၂၄)ထိ ဒေါ်ခင်ထွေး အမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ် ချထားပေးသောမြေဖြစ်ပြီး မြို့မြေအမှုတွဲအမှတ် ၁၁၄ V ၂၀၀၇-၂၀၀၈ အရ ဒေါ်ခင်ထွေး အမည်မှ ဦးခင်မောင်သန်း၊ ဒေါ်တင်မိုးခိုင်အမည်သို့( ၁၆-၂-၂၀၀၉ )ရက်မှစ၍ မူလသက်တမ်းအတိုင်း အမည်ပြောင်း ချထားပေးသောမြေအား ဦးခင်မောင်သန်း၊ ဒေါ်တင်မိုးခိုင်မှ မြေငှားစာချုပ်(သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွှန့်
## အသက်(၇၇)နှစ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သီရိပျံချီ ဦးကိုကို၏ ဇနီးဖြစ်သူ ဒေါ်တင်တင်ညွှန့် အသက်(၇၇)နှစ် သည် ၁၈-၁၂-၂၀၂၄ရက် နံနက် ၀၂:၀၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးနှင့်**
**ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ**
**အရာထမ်း၊ အမှုထမ်းများ၊ မိသားစုများ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကံဘဲ့ဘူတာရုံလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ မြေကွက်အမှတ်(၈၊ ၉၊ ၁၀၊ ၁၃)မြေကွက်များပေါ်တွင် ဆောက်လုပ်ထားသော ကံဘဲ့တာဝါ၊ အဆောက်အအုံအမှတ်(ဒီ)၊ အလွှာ(၀၇)၊ အခန်းအမှတ်(၀၃)၊ ကံဘဲ့ဘူတာရုံလမ်း၊ (၁၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်ဟုခေါ်တွင်သည့် ရေ၊ မီး၊ အပြည့်အစုံ နှင့် ကား(၁)စီး ရပ်နားရန်နေရာပါရှိသော ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို (၈-၄-၂၀၂၄)ရက်စွဲပါ လက်ဝယ်ပိုင်ဆိုင်ခွင့်အရောင်းအဝယ် သဘောတူကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားသည့် ဒေါ်ယုယုဝင်း ၅/မရန(နိုင်) ၀၀၃၉၇၃က ၎င်းတစ်ဦးတည်းပိုင်ဆိုင်ကြောင်း၊ လွတ်လပ်စွာရောင်းချခွင့်ရှိကြောင်း၊ အခြားမည်သူ တစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိကြောင်း၊ အမွေစား၊ အမွေခံ အရှုပ်အရှင်းအပါအဝင် မည်သည့်အရှုပ်အရှင်းမျှ မရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းသင်း ၁၂/ပဇတ(နိုင်)၀၃၂၀၉၀က အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသဖြင့် အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းမူရင်းများယူဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်ခြင်းမရှိပါက ကျန်ငွေများ ဆက်လက်ပေးချေလျက်အရောင်းအဝယ်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါက်တာ ဇာခြည်အောင် LL.B,LL.M,MRes,Ph.D**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၃)**
**တိုက်(၁)၊ အခန်း(၁၁၂/၁၁၃)၊ ဟိုတယ်ရန်ကုန်၊**
**ပြည်လမ်းနှင့်ကမ္ဘာအေးဘုရားလမ်း ထောင့်၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့**

## ဖခင်အမည်မှန်

ဘားအံမြို့၊ လေ့ကျင့်ရေး အလယ်တန်းကျောင်း Grade-7မှ ကျောင်းသား မန်းဟိန်းရာဇာထွန်း၏ ဖခင်အမည်မှန်မှာ ဦးစောခင်ဇော်လတ် ၃/ဘအန(နိုင်)၂၂၁၄၀၅ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံမြို့၊ အမှတ် (၆) ရပ်ကွက်၊ လုပ်သားလမ်းနေ မယွန်းနံ့သာ၏ဖခင် ဦးထွန်းဇော်လှ(ခ) ဦးထွန်းဇော်လတ် ၁၀/ပမန(နိုင်) ၀၉၃၃၃၀မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ စံရွေးတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် -FIE-သပြေကုန်းအရှေ့၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်-၄၈က၊ ဧရိယာ(၀.၀၆၇)ဧကရှိ မြို့မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိစံဘုရားဈေး၊ လမ်းသစ်တန်းလမ်း၊ ဈေးရပ်ကွက်၊ သုံးဆယ်မြို့၊ သာယာဝတီ မြို့နယ်၊ ပဲခူးတိုင်းဒေသ ကြီးဟုခေါ်တွင်သည့် အဆောက်အအုံများအားလုံးတို့သည် ဦးဘိုးစံ၊ ဒေါ်ဟန်အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ မြေအမည်ပေါက်ဦးဖိုးစံနှင့် ဒေါ်ဟန်သက်ရှိထင်ရှားရှိစဉ် ကာလမှစ၍ သားစဉ်မြေးဆက် အမွေဆက်ခံခွင့်ရှိသူများအားလုံးသည် မြေးတော်စပ်သူ ဦးခင်မောင်လွင် (၇/သဝတ(နိုင်)၀၀၉၀၈၁)နှင့် ဇနီး ဒေါ်ခင်စန်းရီ(၇/သဝတ(နိုင်)၀၆၅၄၂၉) တို့မှလွဲ၍ အခြား မည်သူတစ်ဦး တစ်ယောက်ကိုမျှ ပေးကမ်းခြင်း၊ လွှဲပြောင်းပေးခြင်း၊ ရောင်းချခဲ့ခြင်းမရှိပါကြောင်းနှင့် ဦးခင်မောင်လွင်နှင့်ဇနီး ဒေါ်ခင်စန်းရီတို့သည် သာယာဝတီမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိရှေ့မှောက်တွင် ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အား (၁၀-၁၂-၂၀၂၄) ရက်တွင် ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံများအားလုံးတို့နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ ဦးခင်မောင်လွင်နှင့်ဇနီး ဒေါ်ခင်စန်းရီ တို့သာလျှင် လွှဲပြောင်း၊ ရောင်းချစီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိသူများဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ငွေးသန္တာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၂၈၇)**
**ဓမ္မာရုံလမ်းသစ်တန်းလမ်း၊ ကျောင်းစုရပ်ကွက်၊ သာယာဝတီမြို့၊**
**ပဲခူးတိုင်းဒေသကြီး၊ Ph 09-253195969**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/15913, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးမင်းနိုင် ၁၄/ပသန(နိုင်)၂၁၄၅၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/5027, Mitsubishi Canter,Van(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးရဲလင်းထွန်း ၁၂/တမန(နိုင်) ၁၀၃၉၀၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ**
**(ရွာသာကြီး) ရန်ကုန်မြို့**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက်(၇၇)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သီရိပျံ့ချီဦးကိုကို ၏ချစ်လှစွာသောဇနီး ဒေါ်တင်တင်ညွန့် (၇၇)နှစ်သည် ၁၈-၁၂-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၂:၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ(ဦးညွန့်မောင်-ဒေါ်ခင်ကြည်)တို့၏သမီးကြီး၊ တောင်သာမြို့နေ (ဦးစန်းရည်-ဒေါ်ငွေ)တို့၏သမီးချွေးမ၊ နေပြည်တော်နေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၏ ချစ်လှစွာသော ဇနီး၊ ဒေါ်သီတာကို၊ ဦးဇော်နိုင်ဝင်း-ဒေါ်မာလာကို၊ ဒေါ်ကလျာကို တို့၏ ကျေးဇူးရှင် မွေးသမိခင်၊ မသိင်္ဂီရွှေရည်ဝင်း၊ မရွှန်းနန္ဒီ၊ မသီတဂူရွှေရည်ဝင်းတို့၏အဘွားဖြစ်သူ ဒေါ်တင်တင်ညွန့် သည် ၁၈-၁၂-၂၀၂၄ရက် နံနက် ၀၂:၀၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်ဇနီး ဒေါ်မေမြင့်မောင်**
**ဝန်ထမ်းမိသားစုများ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ(ဦးညွန့်မောင်-ဒေါ်ခင်ကြည်)တို့၏သမီးကြီး၊ တောင်သာမြို့နေ (ဦးစန်းရည်-ဒေါ်ငွေ)တို့၏သမီးချွေးမ၊ နေပြည်တော်နေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၏ ချစ်လှစွာသော ဇနီး၊ ဒေါ်သီတာကို၊ ဦးဇော်နိုင်ဝင်း-ဒေါ်မာလာကို၊ ဒေါ်ကလျာကို တို့၏ ကျေးဇူးရှင် မွေးသမိခင်၊ မသိင်္ဂီရွှေရည်ဝင်း၊ မရွှန်းနန္ဒီ၊ မသီတဂူရွှေရည်ဝင်းတို့၏အဘွားဖြစ်သူ ဒေါ်တင်တင်ညွန့် သည် ၁၈-၁၂-၂၀၂၄ရက် နံနက် ၀၂:၀၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ(ဦးညွန့်မောင်-ဒေါ်ခင်ကြည်)တို့၏သမီးကြီး၊ တောင်သာမြို့နေ (ဦးစန်းရည်-ဒေါ်ငွေ)တို့၏သမီးချွေးမ၊ နေပြည်တော်နေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၏ ချစ်လှစွာသော ဇနီး၊ ဒေါ်သီတာကို၊ ဦးဇော်နိုင်ဝင်း-ဒေါ်မာလာကို၊ ဒေါ်ကလျာကို တို့၏ ကျေးဇူးရှင် မွေးသမိခင်၊ မသိင်္ဂီရွှေရည်ဝင်း၊ မရွှန်းနန္ဒီ၊ မသီတဂူရွှေရည်ဝင်းတို့၏အဘွားဖြစ်သူ ဒေါ်တင်တင်ညွန့်သည် ၁၈-၁၂-၂၀၂၄ရက် နံနက် ၀၂:၀၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ(ဦးညွန့်မောင်-ဒေါ်ခင်ကြည်)တို့၏သမီးကြီး၊ တောင်သာမြို့နေ (ဦးစန်းရည်-ဒေါ်ငွေ)တို့၏သမီးချွေးမ၊ နေပြည်တော်နေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၏ ချစ်လှစွာသော ဇနီး၊ ဒေါ်သီတာကို၊ ဦးဇော်နိုင်ဝင်း-ဒေါ်မာလာကို၊ ဒေါ်ကလျာကို တို့၏ ကျေးဇူးရှင် မွေးသမိခင်၊ မသိင်္ဂီရွှေရည်ဝင်း၊ မရွှန်းနန္ဒီ၊ မသီတဂူရွှေရည်ဝင်းတို့၏အဘွားဖြစ်သူ ဒေါ်တင်တင်ညွန့်သည် ၁၈-၁၂-၂၀၂၄ရက် နံနက် ၀၂:၀၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**အနုပညာဦးစီးဌာန**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် G/4710, GMC ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာ
## ဦးချစ်လှိုင်
### အသက် (၈၄)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်းမောင်-ဒေါ်ရင်)တို့၏သား၊ ဒေါ်မြရီ-(ဦးမောင်သွင်)တို့၏အစ်ကို၊ (ဒေါ်လှရီ)၏ခင်ပွန်း၊ ဦးဝင်းလှိုင်-ဒေါ်မြင့်မြင့်စိုးတို့၏ မွေးသဖခင်၊ ကိုသီဟနိုင်၊ ကိုသူရထွန်းတို့၏အဘိုး၊ မောင်ဆက်ဝေနိုင်၊ မစုစန္ဒီနိုင်တို့၏ဘိုးဘိုးကြီးသည် ၁၈-၁၂-၂၀၂၄ရက် နံနက်(၆:၁၅)နာရီတွင် ရန်ကုန်မြို့နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစု၏ ဆန္ဒအရ ၁၈-၁၂-၂၀၂၄ရက် မွန်းလွဲ (၁)နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား ညိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးတရားတော်နာယူရန် ၂၄-၁၂-၂၀၂၄ရက် (အင်္ဂါနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ သင်းဝင် (၅)လမ်း၊ အမှတ် (၁၀၃၁) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက်(၇၇)နှစ်

နေပြည်တော်နေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သီရိပျံ့ချီဦးကိုကို၏ဇနီး ဒေါ်တင်တင်ညွန့်သည် ၁၈-၁၂-၂၀၂၄ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦးနှင့်ဇနီး ဒေါ်ကြည်နွယ်ဦး**
**ဗိုလ်မှူးချုပ်ထွန်းနိုင်ဦးနှင့်ဇနီး ဒေါ်စိုးစိုးအေး**
**တို့မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ(ဦးညွန့်မောင်-ဒေါ်ခင်ကြည်)တို့၏သမီးကြီး၊ တောင်သာမြို့နေ (ဦးစန်းရည်-ဒေါ်ငွေ)တို့၏သမီးချွေးမ၊ နေပြည်တော်နေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၏ ချစ်လှစွာသော ဇနီး၊ ဒေါ်သီတာကို၊ ဦးဇော်နိုင်ဝင်း-ဒေါ်မာလာကို၊ ဒေါ်ကလျာကို တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မသိင်္ဂီရွှေရည်ဝင်း၊ မရွှန်းနန္ဒီ၊ မသီတဂူရွှေရည်ဝင်းတို့၏အဘွားဖြစ်သူ ဒေါ်တင်တင်ညွန့်သည် ၁၈-၁၂-၂၀၂၄ရက် နံနက် ၀၂:၀၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ(ဦးညွန့်မောင်-ဒေါ်ခင်ကြည်)တို့၏သမီးကြီး၊ တောင်သာမြို့နေ (ဦးစန်းရည်-ဒေါ်ငွေ)တို့၏သမီးချွေးမ၊ နေပြည်တော်နေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၏ ချစ်လှစွာသော ဇနီး၊ ဒေါ်သီတာကို၊ ဦးဇော်နိုင်ဝင်း-ဒေါ်မာလာကို၊ ဒေါ်ကလျာကို တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မသိင်္ဂီရွှေရည်ဝင်း၊ မရွှန်းနန္ဒီ၊ မသီတဂူရွှေရည်ဝင်းတို့၏အဘွားဖြစ်သူ ဒေါ်တင်တင်ညွန့်သည် ၁၈-၁၂-၂၀၂၄ရက် နံနက် ၀၂:၀၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 76W/99263, Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၁၄/ ရကန (နိုင်) ၀၁၆၉၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ၊ ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 65W/27091, Luojia 110, M/C အမည်ပေါက်သူ/ ယာဉ်လက်ဝယ်ရှိသူ ဦးရဲမြင့်ကျော် ၁၄/ပသန (နိုင်)၁၆၇၄၉၉ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ညွန့်
### အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ (ဦးညွန့်မောင်-ဒေါ်ခင်ကြည်) တို့၏သမီးကြီး၊ တောင်သာမြို့နေ (ဦးစန်းရည်-ဒေါ်ငွေ) တို့၏သမီးချွေးမ၊ နေပြည်တော်နေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သီရိပျံ့ချီဦးကိုကို ၏ချစ်လှစွာသော ဇနီး၊ ဒေါ်သီတာကို၊ ဦးဇော်နိုင်ဝင်း-ဒေါ်မာလာကို၊ ဒေါ်ကလျာကို တို့၏ ကျေးဇူးရှင် မွေးသမိခင်၊ မသိင်္ဂီရွှေရည်ဝင်း၊ မရွှန်းနန္ဒီ၊ မသီတဂူရွှေရည်ဝင်း တို့၏ အဘွား၊ ဒေါက်တာ အောင်ညွန့်၊ (ဦးခင်မောင်ညွန့်)၊ ဒေါ်ပိုပို၊ ဦးယဉ်မောင်ထွန်း၊ ဒေါ်လှမြင့်သန်း၊ ဒေါက်တာထွေးထွေးညွန့်၊ ဒေါ်မြတ်မြတ် ညွန့် တို့၏အစ်မကြီးဖြစ်သူ ဒေါ်တင်တင်ညွန့်သည် ၁၈-၁၂-၂၀၂၄ရက် နံနက် ၀၂:၀၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နေပြည်တော်၌ ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၂၂-၁၂-၂၀၂၄ရက် နံနက် (၁၀)နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နေပြည်တော်၊ ငြိမ်းအေးဇရပ်မှ နေပြည်တော်စစ်သင်္ချိုင်းသို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၂၄ရက်(အင်္ဂါနေ့) နံနက် (၉) နာရီမှ နံနက် (၁၁)နာရီအထိ နေပြည်တော်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ကျေးဇူးတင်လွှာ

(၁၂-၁၂-၂၀၂၄)ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားသော ဦးမြအောင် (မိတ္ထီလာ)၏ နာရေးကိစ္စများကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီလိုက်ပါပို့ဆောင်ပေးကြပါသော ရွှေမြင့်မိုရ်ဆရာတော်နှင့် ဓမ္မမိတ်ဆွေများ၊ စတသ(၂၁)မှ သူငယ်ချင်းမိသားစုများ၊ စတသမှ နောင်တော်များနှင့် ညီငယ်များ၊ OTS (77)၊ (79) (81) (83)မှ တပည့်မိသားစုများ၊ FDA မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ MTM Shipping မှ ပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့်အသင်းအဖွဲ့များအားလုံး၊ မြို့ပြအိမ်ရာ (တောင်)ဝင်းအတွင်းရှိ အိမ်နီးချင်းမိတ်ဆွေများ၊ လူကိုယ်တိုင် လာရောက်နှစ်သိမ့်အားပေးကြသူများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း တယ်လီဖုန်းဖြင့်လည်းကောင်း၊ Online ဖြင့် လည်းကောင်း၊ နှစ်သိမ့်အားပေး သတင်းမေးမြန်းခြင်းနှင့် လှူဖွယ်ပစ္စည်းများ၊ အလှူငွေများပေးပို့ကြသော မိတ်ဆွေသင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း
## ဒေါက်တာ ဗန်ခါး၏
### B.V.Sc., Diploma in DTap (Netherlands)
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
### အသက် (၇၈)နှစ်

၇-၁၂-၂၀၂၄ရက် (စနေနေ့) နံနက် ၀၀:၂၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားသော ဒေါက်တာ ဗန်ခါး၏ (Pu Van Khar)၏ ဈာပနကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးကြသော Falam Baptist Church မှ သင်းအုပ်ဆရာ ဆရာ Mike Zung Ceu၊ ဆရာ Thawng Cin၊ ဆရာမ Cer Thlia နှင့် အသင်းသူအသင်းသားများအားလုံး၊ Tai Sun Hrin Pawlkom နှင့် ကူညီလိုက်ပါဆောင်ရွက်ပေးကြသော ဆွေမျိုးများ၊ မိတ်ဆွေများ၊ အိမ်နီးချင်းများ၊ ရပ်နီးရပ်ဝေးမှ ဆက်သွယ်အားပေးနှစ်သိမ့်ပေးကြသော ဆွေမျိုးမိတ်ဆွေများအားလုံး၊ နာမကျန်းဖြစ်စဉ်ကတည်းက အမြဲအိမ်တိုင်ရာရောက် ဆုတောင်းအားပေးခဲ့ကြသော ဆရာ၊ ဆရာမ၊ ဆွေမျိုးမိတ်ဆွေများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေရေိယာ (၀.၂၁၀)ဧက၊ မြေကွက်အမှတ် (ဥ-၅၉၈၈)၊ ဦးစိုးတေဇာအေး(ဘ)ဦးဘလှအေး အမည်ပေါက်၊ နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးမျိုးထက်အောင် ၉/စကတ(နိုင်)၀၆၃၈၂၇ (ဘ) ဦးအောင်ကျော်ဆန်းမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၇၇၈/၂၀၂၃ (၁၅-၈-၂၀၂၃)တင်ပြ၍ ဒေါ်ယုသိမ်းနိုင် ၇/ပမန(နိုင်)၁၃၆၀၅၂ (ဘ)ဦးအေးကို အမည်ဖြင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီဂရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကန့်ဖြူကျေးရွာအုပ်စု၊ တင်းတိမ်ကာကျေးရွာနေ မောင်ကိုဖြိုး(ဘ)ဦးကျော်ဆွေသည် မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲစွာပြုမူပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဦးကျော်ဆွေ ၉/သစန(နိုင်) ၀၆၃၀၇၈**

### ပတ်စ်ပို့ပျောက်ဆုံးကြောင်းကြေညာခြင်း

ကွတ်ခိုင်မြို့၊ ရပ်ကွက်(၄)၊ နမ့်ဖတ်ကာနေ မဆုံကျီ(ခ)နှင်းနှင်းအေး (ဘ)ဦးရင်ရုံတောင် ၁၃/ကခန (နိုင်) ၁၀၉၈၇၈ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၆၄၂၅၆၉၆၉**

### တစ်ဦးတည်းဖြစ်ကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ စပါးတင်ကျေးရွာနေ (ဘ)ဦးပန်းလှိုင်၏သမီး မှတ်ပုံတင်အမှတ် (၉/ညဥန(နိုင်)၁၅၅၁၇၉) ကိုင်ဆောင်သူ ဒေါ်သင်း(ခ) ဒေါ်သင်းသင်းခိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ အမှတ်(၂) အထက်တန်းကျောင်းတွင် အထက်တန်းပြ ရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသော ဒေါ်နန်းခင်ခင်နွယ် (ခ)မခင်ခင်နွယ် ၉/မရမ(နိုင်) ၀၃၇၅၆၄ ၏ ဖခင်အမည်မှန်မှာ ဦးဝလီအာမက်(ခ) ဦးဝါလီအာမက်မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဝလီအာမက်(ခ)ဦးဝါလီအာမက်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလ ငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **GDP တွင် စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ရှိပြီး စိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းဟူ၍ ပါရှိ...**

❖ **ယင်းကဏ္ဍကြီးသုံးရပ်သည် ဆက်စပ်မှုရှိပြီး တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်...**

❖ **အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးတို့သည်လည်း အောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ၏ GDP သည်လည်း တိုးတက်လာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

## ၁၈ - ၁၂ - ၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၅,၃၃၀,၀၀၀ ကျပ်ဖြစ်သည်။ **(ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ)**

---

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ ဖော်ပြမည့်အစီအစဉ်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာမေးပွဲအထောက်အကူပြုဘာသာရပ်များကို ဒီဇင်ဘာ ၂၀ ရက်မှစ၍ မြန်မာ့အလင်းသတင်းစာတွင် အောက်ပါအတိုင်း ဖော်ပြပေးသွားမည်ဖြစ်သည် -

| စဉ် | ဘာသာရပ် | ဖော်ပြမည့်ရက် |
|---|---|---|
| ၁။ | မြန်မာစာ | ၂၀-၁၂-၂၀၂၄ |
| ၂။ | အင်္ဂလိပ်စာ | ၂၁-၁၂-၂၀၂၄ |
| ၃။ | သင်္ချာ | ၂၂-၁၂-၂၀၂၄ |
| ၄။ | ဓာတုဗေဒ | ၂၃-၁၂-၂၀၂၄ |
| ၅။ | ရူပဗေဒ | ၂၄-၁၂-၂၀၂၄ |
| ၆။ | ဇီဝဗေဒ | ၂၅-၁၂-၂၀၂၄ |
| ၇။ | ပထဝီဝင် | ၂၆-၁၂-၂၀၂၄ |
| ၈။ | သမိုင်း | ၂၇-၁၂-၂၀၂၄ |
| ၉။ | ဘောဂဗေဒ | ၂၈-၁၂-၂၀၂၄ |

---



မြန်မာအသင်း လာအိုအသင်းဘက်သို့ ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။ ဓာတ်ပုံ-သော်လေး

## Asean Cup ပြိုင်ပွဲ မြန်မာအသင်း လာအိုကိုအနိုင်ယူပြီး ပထမဆုံးနိုင်ပွဲရ

**ရန်ကုန် ဒီဇင်ဘာ ၁၈**


၂၀၂၄ Asean Cup ပြိုင်ပွဲ အုပ်စု (B) စတုတ္ထနေ့အဖြစ် မြန်မာအသင်းနှင့် လာအိုအသင်းတို့ ဒီဇင်ဘာ ၁၈ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်း ပွဲထွက်လူစာရင်းတွင် ဒဏ်ရာမှ ပြန်ကောင်းလာသည့် စိုးမိုးကျော် ပြန်ပါလာပြီး ဇင်ညီညီအောင်(ဂိုး)၊ ဟိန်းဖြိုးဝင်း၊ သီဟထက်အောင်၊ သက်ဟိန်းစိုး၊ နန္ဒကျော်၊ ဇော်ဝင်းသိန်း၊ လွင်မိုးအောင်၊ မောင်မောင်လွင်၊ သီဟဇော်၊ အောင်ကောင်းမာန်တို့နှင့် တွဲဖက်အသုံးပြုခဲ့သည်။ ပွဲအစပိုင်းတွင် ကစားကွက်တည်မရဘဲ အမှားများနေသဖြင့် မိနစ် ၂၀ ကျော်မှာပင် ဝင်းနိုင်ထွန်းနှင့် ဥက္ကာနိုင်ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ➲

---

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၁၈**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်း ကမ်းခြေတို့သို့ ရောက်ရှိနိုင်ကာ ထိုမှတစ်ဆင့် မြောက်ယွန်းယွန်းသို့ဦးတည်ပြီး ၄၈ နာရီအတွင်း အင်ဒရာပရာဒေ့ရှ် ကမ်းရိုးတန်းတစ်လျှောက် ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

---

**ယနေ့ ဖတ် စ ရာ**

**မတ္တရာမြို့နယ် အနောက်ခြမ်းရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေကြောင်း သတင်းတု၊ သတင်းအမှားများဖြင့် လှုံ့ဆော်ဝါဒဖြန့်ဝေ**

ပြည်တွင်းသတင်း စာ ၁၉